# ကြေးမုံ

# The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (9-3-2006) (၄၈၉၄)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။** (ယာပုံနှင့်အောက်ပုံ) (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် မတ် ၈

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်သည် ယနေ့ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။**

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitraနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

## ခရီးဦးကြိုဆို

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် အထူးလေယာဉ်သည် ညနေ ၃နာရီ ၁၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ရှေးဦးစွာ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ☆

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၉-၃-၂၀၀၆
(ကြာသပတေးနေ့)

# ကျေးရွာချင်းဆက်လမ်းများ တိုးမြှင့်ဖွင့်လှစ်
## ကျေးလက်ဒေသဖွံ့ဖြိုးရေး တက်ညီလက်ညီဆက်လက်ကြိုးပမ်း

ယနေ့ကာလသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်သောစွမ်းအားဖြင့် နိုင်ငံတော် အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး၊ တိုင်းရင်းသားပြည်သူအားလုံးလူနေမှုအဆင့်အတန်း မြင့်မားစေရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဖော်ဆောင်နေသော အချိန်အခါဖြစ်သည်။

အထူးသဖြင့် ယခင်ခေတ်ကာလများက ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးတည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ဖွံ့ဖြိုးမှုကွက်လပ် မကျန်စေရေးအတွက်လည်း ဖွံ့ဖြိုးရေးအထူးဒေသကြီးများ သတ်မှတ်၍ ဒေသအလိုက် ဖော်ဆောင်ပေးနေသည်ကို တွေ့ရသည်။ ထိုနည်းတူ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရည်အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဖော်ဆောင်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ပွေးလှစံပြကျေးရွာအုပ်စု ကန်ထောင့်ရွာ၌ အရှည်ပေ ၁၁၀၀ ရှိသော ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့က အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။ အလားတူ ပွေးလှစံပြရွာမှ ပွင့်လန်းရွာချင်းဆက်လမ်းအရှည်ပေ ၂၅၀၀၊ ရှောက်ပင် အတွင်းလမ်းအရှည် ပေ ၂၀၀၀၊ စကြာကုန်းလမ်း အရှည်ပေ ၁၅၀၀ နှင့် ဝါးတစ်ရာ-ရှောက်ပင်ရွာချင်းဆက်လမ်းပေ ၃၀၀၀ တို့လည်း ဖောက်လုပ်ပြီးစီးကြောင်း သိရသည်။

ပွေးလှစံပြကျေးရွာ၌ တိုက်နယ်ဆေးရုံရှိပြီး ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင်လည်း ကျန်းမာရေးဌာနခွဲ လေးခုဖွင့်လှစ်ထားရှိရာ တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးလက်ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အဓိကအထောက်အကူပြုနေသည့် ကျေးရွာချင်းဆက်လမ်းများကို ဒေသအလိုက် ဖောက်လုပ်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် နန်းတိုင်းစံပြကျေးရွာအုပ်စုရှိ ဒွန်း-ပေါက်ကဲကျေးရွာ ချင်းဆက် ကျောက်ချောလမ်းသစ်ကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် နန်းတိုင်းကျေးရွာအုပ်စုမှ ဒွန်းကျေးရွာနှင့် လမိုင်းကျေးရွာအုပ်စုမှ ပေါက်ကဲကျေးရွာသို့ ဆက်သွယ်ပေးသည့်လမ်းဖြစ်ပြီး အရှည်ပေ ၁၂၀၀၀ ရှိသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသစ်များကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်သည့်အတွက် ပတ်ဝန်းကျင်ကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေလွယ်ကူလာပြီဖြစ်သည်။ ကလောမြို့နယ်တွင် ပအိုဝ်း၊ ဓနု၊ ရှမ်း၊ ပလောင်စသည့် တိုင်းရင်းသားများနေထိုင်ကြပြီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသထွက်ကုန်များဖြစ်သည့် အာလူး၊ ဂျုံ၊ ပန်းနှမ်း၊ ပဲပုပ်၊ မြေပဲ၊ ချင်း၊ ငရုတ်၊ ကြက်သွန်ဖြူစသည့် သီးနှံများကို ရောင်းချလျက်ရှိသည်။ ဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုနှင့်အတူ စီးပွားရေးလုပ်ငန်းများလည်း ကောင်းမွန်လျက်ရှိသည်။

နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် လမ်းများ၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များကလည်း ငွေအား၊ လူအားဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့် ဖော်ဆောင်လျက်ရှိချိန်တွင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအားလုံးက ကျေးရွာချင်းဆက်လမ်းများ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## (၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒွိတာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

# MRTV-4 ရုပ်သံလိုင်းအား ဒီဂျစ်တယ်စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်ခြင်းလုပ်ငန်းဆောင်ရွက်မည့် သဘောတူစာချုပ် ချုပ်ဆို

ရန်ကုန် မတ် ၈

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Forever Group Co., Ltd. တို့ အကြား MRTV-4 ရုပ်သံလိုင်းအား ဒီဂျစ်တယ်စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် သဘောတူ စာချုပ်-ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆောက်အအုံရှိ ညှော်ခန်းမ၌ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် Forever Group Co., Ltd. မှ ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် Forever Group Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ခင်လေးတို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

MRTV-4နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ရန်ကုန်မြို့ နှင့်အနီးတစ်ဝိုက်၌ ဖမ်းယူကြည့်ရှုနိုင်ရာမှ ယခုအခါ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ အမရပူရမြို့၊ ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ နွားထိုးကြီးမြို့၊ မြင်းခြံမြို့၊ ရေစကြိုမြို့၊ မအူ၊ ချောင်းဦး၊ မြင်းမူမြို့၊ မတ္တရာမြို့၊ စဉ့်ကူးမြို့၊ ရွှေဘိုမြို့တို့နှင့် အနီးတစ်ဝိုက်မှ DVB-T ရီဆာဗာဖြင့် ဖမ်းယူ ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ အလားတူ ပဲခူးမြို့၊ တောင်ကြီးမြို့တို့နှင့် အနီးတစ်ဝိုက်၌လည်း မကြာမီ ဖမ်းယူကြည့်ရှုနိုင်တော့မည်ဖြစ်သည်။

(သတင်းစဉ်)

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် Forever Group Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ခင်ခင်လေးတို့ MRTV-4 ရုပ်သံလိုင်းအား ဒီဂျစ်တယ်စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်ခြင်း လုပ်ငန်းဆောင်ရွက်မည့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

## ဂုဏပူဇာသဘင်

**ရန်ကုန် မတ် ၈**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၆ ဖြင့် သာသနာတော်ဆိုင်ရာ “မဟာသဒ္ဓမ္မဇောတိကဓဇ” ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရတော်မူသော ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် ကော့ကရက် ကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယအား ဂုဏပူဇာ သဘင်ကို ၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို လှူဒါန်းပူဇော်နိုင်သည်။ (က-ပ)

## ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်ပွဲ

**ရန်ကုန် မတ် ၈**

နှစ်စဉ် ကျင်းပမြဲဖြစ်သော ပအိုဝ်း တိုင်းရင်းသား ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်ပွဲကို တပေါင်းလပြည့်(တနင်္လာနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ်(၁)လမ်း၊ အမှတ် (၃၈)၊ ပအိုဝ်းအမျိုးသားဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၃-၂၀၀၆ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | စိတ်ဝင်စားစရာပုလဲရတနာ (အပိုင်း-၂) |
| ၇:၂၀ | ဝါသနာရှင်စင်မြင့် |
| ၇:၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၀၅ | တေးဂီတအစီအစဉ် |
| ၈:၁၀ | ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား |
| ၈:၄၀ | တေးဂီတအစီအစဉ် |
| ၈:၄၅ | အရောင်များထဲမှ အမျိုးသမီးများ |
| ၉:၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၀၅ | မြန်မာ့ကြယ်လိပ် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ၉:၁၅ | တေးဂီတအစီအစဉ် |
| ၉:၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၂၅ | စလင်းရေလှောင်တမံ |
| ၉:၃၅ | တေးဂီတအစီအစဉ် |
| ၉:၄၀ | ပဲတီစိမ်းသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး |
| ၉:၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၅၅ | Star Album (မိုးဒီ၊ ဆုပန်ထွာ၊ ပပဝင်းခင်၊ စုမေ) |
| ၁၀:၃၅ | တေးဂီတအစီအစဉ် |
| ၁၀:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၄၅ | ဆန်းသစ်တီထွင် မြန်မာအကျီအသွင်(အပိုင်း-၁) |
| ၁၁:၀၅ | တေးဂီတအစီအစဉ် |
| ၁၁:၁၀ | နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (မဲလေးနှင့်သားစစ်နိုင်) |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | မြွေပွေးအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

✧ **ကျောဖုံးမှ**

ထို့နောက် ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မိမိနှင့်အတူ လိုက်ပါလာကြသည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်သည်။

**ပို့ဆောင်နှုတ်ဆက်**

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံမှ အစိုးရအဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာကြသည်။

**အလံများလွှင့်ထူ**

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆောက်အအုံ အဝင်ဝ၌ မုခ်ဦး ပြာသာဒ်တည်ဆောက်ကာ နဖူးစည်းတွင် **"အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား လှိုက်လှဲစွာကြိုဆိုပါ၏"** ဟူသောစာတန်းကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့်လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင် အဆောက်အအုံအဝင် ဝဲ/ယာတို့၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်တို့၏ ဓာတ်ပုံများကို ချိတ်ဆွဲ၍လည်း ကောင်း၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင်၊ ပြည်လမ်းရှစ်မိုင်လမ်းဆုံ၊ အင်းလျားလေးကွေ့၊ အင်းလျားကန်ပေါင် ဝဲ/ယာ၊ ကမာရွတ်လှည်းတန်းလမ်းဆုံ၊ ဟံသာဝတီအဝိုင်း၊ ဦးဝိစာရအဝိုင်း၊ ဦးထောင်ဗိုလ်အဝိုင်း၊ ပြည်သူ့ဥယျာဉ်ရှေ့နှင့် ကုန်သည်ကြီးများဟိုတယ်ဝန်းကျင်တို့၌ အိန္ဒိယသမ္မတနိုင်ငံအလံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံများကို လွှင့်ထူ၍လည်းကောင်း ဂုဏ်ပြုကြိုဆိုထားသည်။

(သတင်းစဉ်)

**ကြိုဆိုနှုတ်ဆက်**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## အမ်းမြို့နယ်အသင်း(ရန်ကုန်) ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာ ကျင်းပမည်

**ရန်ကုန် မတ် ၈**

နိုင်ငံတော်က ချီးမြှင့်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိသော အမ်းမြို့နယ်မှ သံဃာတော်ခြောက်ပါးအား မတ် ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာပွဲ ကျင်းပမည်ဖြစ်၍ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများ အောင်ရာမြေဆရာတော် ဖုန်း-၅၇၃၃၄၇၊ ဦးအောင်ဝင်း ဖုန်း-၇၂၂၅၀၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

**နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ ပုလဲအတွဲ ၉၈ တွဲ တင်ဒါစနစ်ဖြင့်ရောင်းချ

**ရန်ကုန် မတ် ၈**

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ(၂၀၀၆)ကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့လမ်းအမှတ်(၉၀)ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ပုလဲရတနာကုန်သည် ၆၆ ဦးတို့ တက်ရောက်၍ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူကြသည်။

ရှေးဦးစွာ ပြည်တွင်းနိုင်ငံသားရတနာကုန်သည်များသည် ယမန်နေ့က ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြပြီး ယနေ့နံနက် ၁၀ နာရီမှ ညနေ ၅နာရီအထိ မိမိတို့ဝယ်ယူလိုသောပုလဲအတွဲများကို တင်ဒါပုံးများထဲမှ ဖွင့်ဖောက် စစ်ဆေးကာ မြန်မာကျပ်ငွေဖြင့် အများဆုံးပေးဝယ်သော ပုလဲအတွဲ ၉၈ တွဲကို ရောင်းချရသည်။

အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ(၂၀၀၆)ကို မတ် ၉ရက် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ နောက်ဆုံးနေ့အဖြစ် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)



**ကမ္ဘာ့အံ့ဖွယ် အဆောက်အအုံများတွင် ပါဝင်သော တပ်ဂျ်မဟာ အဆောက်အအုံကို မတ် ၈ရက်က တွေ့ရစဉ်။** (တပ်ဂျ်မဟာ အဆောက်အအုံသည် အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ် အဂ္ဂရာမြို့တွင် တည်ရှိပြီး ၁၆၃၂-၁၆၄၃ခုနှစ်ကာလအတွင်း တည်ဆောက်ခဲ့သည်။)

*(ဓာတ်ပုံ-အင်တာနက်)*

# တရုတ်၌ ရွှေအရင်းအမြစ်များ ထပ်မံတွေ့ရှိဖွယ်ရှိ

ရှန်ဟိုင်း မတ် ၇

**တရုတ်နိုင်ငံတွင် ရွှေအရင်းအမြစ်တန်ချိန် ၂၂၀၀၀ နှင့် ငွေအရင်းအမြစ်တန်ချိန် ၂၅၀၀၀၀ ထပ်မံတွေ့ရှိဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။**

တရုတ်နိုင်ငံတစ်ဝန်းတွင် လာမည့် ငါးနှစ်တာကာလ၌ ရွှေအရင်းအမြစ်များ ထပ်မံတွေ့ရှိဖွယ်ရှိကြောင်း တရုတ်ဘူမိဗေဒစာတမ်းအဖွဲ့၏ သုတေသနဌာနမှ သုတေသနပညာရှင် ယီကျင်ဟူက ပြောကြားခဲ့သည်။

၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ရွှေငွေသယံဇာတအရင်းအမြစ်ကို လေ့လာမှုပြုလုပ်ခဲ့ပြီး စစ်တမ်းတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ ၁၂ နှစ်တာ မြေအောက်သယံဇာတအရင်းအမြစ်စစ်တမ်းကို ၁၉၉၉ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ သယံဇာတအရင်းအမြစ်များတွင် ဓာတ်သတ္တုများသည် အရေးပါကြောင်း ယီက ပြောဆိုခဲ့သည်။ လွန်ခဲ့သော ခုနစ်နှစ်တာကာလတစ်လျှောက်တွင် သတ္တုတွင်း ၅၀၀ နှင့် အဓိကသတ္တုကြောတည်ရှိရာ နေရာများ၌ ဘူမိပညာရှင်များက စမ်းသပ်မှုကို အဓိကထား လုပ်ဆောင်ခဲ့ကြသည်။ ထိုသတ္တုတွင်းများမှ သံဓာတ်မပါဝင်သော သတ္တု၊ သံဓာတ်ပါဝင်သောသတ္တုနှင့်အကောင်းစားသတ္တုတို့ကို စမ်းသပ်တွေ့ရှိခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ဂျီးရီးယားနှင့် နိုင်ဂျာနိုင်ငံ ရထားလမ်းဖောက်လုပ်ရန်ဆွေးနွေးပွဲကျင်းပ

လေဂို့စ် မတ် ၇

နိုင်ဂျီးရီးယားနိုင်ငံနှင့် မြောက်ပိုင်းအိမ်နီးချင်းဖြစ်သော နိုင်ဂျာနိုင်ငံတို့သည် နှစ်နိုင်ငံရထား လမ်းဆက်သွယ်ဖောက်လုပ်ကြမည်ဖြစ်သည်။ နှစ်နိုင်ငံမှအစိုးရတာဝန်ရှိသူများသည် အဆိုပါ လုပ်ငန်းပိုင်းအရ ဘဏ္ဍာရေးရာနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အပြီးသတ်ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်နေကြောင်း နိုင်ဂျီးရီးယားသတင်းဌာနမှ မတ် ၅ရက်တွင် ထုတ်ပြန်ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား-နိုင်ဂျာ ပူးပေါင်းကော်မရှင်၏ ဦးဆောင်မှုဖြင့် အဆိုပါအစည်းအဝေးကို နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့၌ ကျင်းပပြုလုပ်လျက်ရှိသည်။ ထိုအစည်းအဝေးသို့ နှစ်နိုင်ငံမှ သယ်ယူပို့ဆောင်ရေး ဝန်ကြီးတို့ တက်ရောက်ခဲ့ကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသတွင် တိုက်ခိုက်မှုဖြစ်ပွား

အစ္စလမ္မာဘတ် မတ် ၇

**ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်ပိုင်းဒေသတွင် စစ်သွေးကြွများနှင့် အစိုးရတပ်ဖွဲ့ဝင်များ နှစ်ရက်ကြာ ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူ ၅၀ သေဆုံးကြောင်း ပါကစ္စတန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။**

## တိုက်ခိုက်

အာဖဂန်နယ်စပ်ရှိ ဝါဇီရစ်စတန်ဒေသတွင် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားရာ စစ်သွေးကြွ ၄၆ ဦးနှင့် အစိုးရတပ်ဖွဲ့ဝင် ငါးဦးတို့သေဆုံးပြီး လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန် စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ရှော်ကက်ဆူလ်တန်က ပြောကြားသည်။

## ထိန်းချုပ်ထား

စောစောပိုင်းက စစ်သွေးကြွများ ထိန်းချုပ်ထားခဲ့သည့် မာရန်ရှားဒေသရှိ အစိုးရအဆောက်အအုံများကို ယခုအခါ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့က ပြန်လည် ထိန်းချုပ်ထားနိုင်ပြီဟု ဆူလ်တန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

## ရွှေ့ပြောင်းနေကြ

အဆိုပါဒေသတွင် တင်းမာမှုများ ဆက်လက်ရှိနေသဖြင့် ယင်းဒေသမှ ဒေသခံများသည် ဘေးကင်းရာသို့ ရွှေ့ပြောင်းနေကြသည်ဟု ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားသည်။

## သေဆုံး

မာရန်ရှားတွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုအတွင်း စစ်သွေးကြွ ၂၅ဦး သေဆုံးခဲ့ပြီး ယင်းဒေသရှိ အခြားမြို့တစ်မြို့ဖြစ်သည့် မာအလီတွင် အခြားလူ ၂၁ဦး သေဆုံးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ပါကစ္စတန်နှင့်အာဖဂန်နယ်စပ်တွင် လုံခြုံရေးဆောင်ရွက်နေသော ပါကစ္စတန် တပ်ဖွဲ့ဝင်တစ်ဦးကို မတ် ၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယာဉ်နှစ်စီးတိုက်မိ လူ ၁၇ ဦးသေဆုံး

ဒါကာ မတ် ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် တနင်္လာနေ့စောစောပိုင်းက ယာဉ်နှစ်စီး ခေါင်းချင်းဆိုင်တိုက်မိခဲ့သဖြင့် လူ ၁၇ဦးထက်မနည်း သေဆုံးခဲ့ပြီး လူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒါကာမြို့မှ မောင်းနှင်လာသည့် ဘတ်စ်ကားတစ်စီးနှင့် ပန်ချာခရိုင်မှ မောင်းနှင်လာသည့် ဘတ်စ်ကားတို့ ဘိုဂရာမြို့ အနောက်မြောက်ပိုင်းဒေသတွင် နံနက် ၁၂ နာရီ ၄၅ မိနစ်က ခေါင်းချင်းဆိုင် တိုက်မိခြင်းဖြစ် ည်ဟု ပုဂ္ဂလိက ရုပ်မြင်သံကြားဌာနဖြစ်သည့် အေတီအင်က တနင်္လာနေ့တွင် ဖော်ပြသည်။

ဘတ်စ်ကားတစ်စီး၏ ရှေ့မီးများ မလင်း၍ ယင်းသို့တိုက်မိခြင်း ဖြစ်သည်ဟု အေတီအင် ရုပ်မြင်သံကြားက ဖော်ပြသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ထားရပြီး လူ ၂၀ ၏ အခြေအနေမှာ စိုးရိမ်ရသည်ဟု သိရှိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဒေါ်လာတစ်သိန်းတန် လက်ဝတ်ရတနာလုယူမှု ရှန်ဟိုင်းရဲတပ်ဖွဲ့ ရှာပုံတော်ဖွင့်

ရှန်ဟိုင်း မတ် ၇

တရုတ်နိုင်ငံ ရှန်ဟိုင်းရဲတပ်ဖွဲ့က ဒေသခံဆိုင်မှ ယွမ်တန်ဖိုးငွေ ၈၀၀၀၀၀ (ဒေါ်လာ ၁၀၀၀၀၀ ခန့်) တန်ဖိုးရှိသည့် လက်ဝတ်ရတနာများကို ဓားပြတိုက်သွားသူများအဖြစ် သင်္ကာမကင်းခံရသူလေးဦးကို ရှာပုံတော်ဖွင့်လျက်ရှိကြောင်း ရှန်ဟိုင်း မြူနီစပယ် ပြည်သူ့လုံခြုံရေးအဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

## ခိုးယူ

လူလေးဦးက ကျီယာဒင်ခရိုင်ရှိ လက်ဝတ်ရတနာရောင်းချသည့်ဆိုင်သို့ တနင်္ဂနွေနေ့က မော်တော်ယာဉ်မောင်းနှင်ကာ ရောက်ရှိလာခဲ့ကြောင်း၊ဓားမြှောင်များကိုင်ဆောင်ထားသူသုံးဦးက အဆိုပါဆိုင်သို့ ရုတ်တရက်ဝင်ရောက်လာခဲ့ကြောင်း၊ ဆိုင်၏လက်ထောက်တစ်ဦးက သန့်ရှင်းရေးပြုလုပ်ရန် တံခါးဖွင့်စဉ် ၎င်းလူများက ဆိုင်လက်ထောက်ကို ကြိုးဖြင့်ချည်နှောင်ပြီး လက်ဝတ်ရတနာများ ထည့်ထားသည့်သေတ္တာကို လုယူသွားကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

## စုံစမ်းစစ်ဆေး

ဆိုင်လက်ထောက်ဖြစ်သူက ယင်းအဖြစ်အပျက်ကို ရဲဌာနသို့ တိုင်ကြားခဲ့သည်ဟု ဒေသခံများက ပြောကြားကြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်နေပြီဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဗီယက်နမ်၌ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို သဘောတူလက်ခံ

ဟန်နွိုင်း မတ် ၇

ဗီယက်နမ်နိုင်ငံ လာအိုကိုင်ပြည်နယ်မြောက်ပိုင်း၌ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်ရန် စီစဉ်တင်ပြချက်ကို ဗီယက်နမ်အစိုးရက သဘောတူလက်ခံလိုက်ကြောင်း၊ ဒေသဆိုင်ရာ စွမ်းအင်လိုအပ်မှုကို ဖြေရှင်းရန်အတွက် ထိုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု အမည်ရှိသတင်းစာက မတ် ၆ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုအစီအစဉ်အရ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံ ၃၈ ခု တည်ဆောက်မည်ဖြစ်ပြီး စက်ရုံတစ်ခုလျှင် ငါးမီဂါဝပ်မှ မီဂါဝပ် ၉၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထိုစက်ရုံများ တည်ဆောက်ရာတွင် စက်ရုံခုနစ်ခုကို ပြည်တွင်းဘဏ္ဍာငွေဖြင့် တည်ဆောက်ပြီး အခြားစက်ရုံများကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ဖက်စပ်တည်ဆောက်မည်ဟု ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ဗီယက်နမ်နိုင်ငံ ဒါလတ်ဒေသရှိ ရေတံခွန်ကို မတ် ၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ပင်နေ့ာတူကျွန်းအနီး မြေငလျင်လှုပ်ရှား

ဝယ်လင်တန် မတ် ၈

ပစိဖိတ်သမုဒ္ဒရာရှိ ဗင်နေ့ာတူကျွန်းအနီးတွင် အင်္ဂါနေ့က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိ အင်အားပြင်းသည့် မြေငလျင် လှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနက ပြောကြားသည်။

ဗင်နေ့ာတူကျွန်း၏ မြို့တော်ပို့မီလာ အနောက်မြောက်ဘက် ကီလိုမီတာ ၃၄၀ ခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အောက် ကီလိုမီတာ ၁၆၀ ခန့်တွင် မြေငလျင်လှုပ်မှုကို တိုင်းတာသိရှိရကြောင်း၊ အဆိုပါ ဘူမိဗေဒလေ့လာရေးဌာနက ဖော်ပြသည်။ မြေငလျင်လှုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုသတင်းများ မရရှိသေးပေ။

***အမ်အင်အေ၊ဆင်ဟွာ။***

# ပြည်ပကျူးကျော်မှု တွန်းလှန်တိုက်ခိုက်နိုင်ရေးအတွက် ဗင်နီဇွဲလား စစ်ရေးလေ့ကျင့်

**မာကာရာအို(ဗင်နီဇွဲလား) မတ် ၇**

အမေရိကန်ပြည်ထောင်စုက ဗင်နီဇွဲလားနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ရန် စီစဉ်စိုင်းပြင်းနေသည်ဟု သမ္မတ ဟူဂိုချာဗက်ဇ်က သတိပေးပြောကြားထားရာ ယင်းကျူးကျော်မှုအပေါ် တွန်းလှန်တိုက်ခိုက်နိုင်ရန်အတွက် ဗင်နီဇွဲလားစစ်တပ်မှ အရာရှိများသည် သမားရိုးကျမဟုတ်သည့် စစ်ဆင်နည်းများအသုံးပြုကာ ကာရာကတ်စ်မြို့ ဆင်ခြေဖုံးရှိ ကျေးလက်စစ်ရေးအခြေစိုက်စခန်းများတွင် စတင်လေ့ကျင့်နေပြီဖြစ်သည်။

## သရုပ်ပြလေ့ကျင့်

စစ်တပ်မှ နည်းပြဆရာတစ်ဦးက တော်လှန်ရေးနည်းဗျူဟာများကို အရာရှိများအား သင်ကြားပြသစဉ် လက်ဖြောင့်တပ်သားများက သစ်ရွက်သစ်ခက်များဖြင့် ကိုယ်ရောင်ဖျောက်ပြီး၊ အရပ်ဘက် တပ်သားသစ်များက ဓားများ၊ လောက်လေးများနှင့် သေနတ်များကိုင်ဆောင်ကာ ဥမင်လိုဏ်ခေါင်းမှ တွားသွားချီတက်ကာ သရုပ်ပြလေ့ကျင့်လျက်ရှိသည်။

မိမိတို့၏ နိုင်ငံအတွင်း မည်သူမျှ ကျူးကျော်ခြင်း မရှိပါက အကောင်းဆုံးဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံက လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ချီတက်သွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်ပတပ်ဖွဲ့ဝင်များ မိမိတို့နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ရန် ခွင့်ပြုမည်မဟုတ်ကြောင်း နည်းပြဆရာ ဒုတိယဗိုလ်မှူးကြီး အန်တိုနီယိုတီနာဘီဒီက ပြောကြားသည်။

## ပူးတွဲတာဝန်

ဗင်နီဇွဲလားနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဗင်နီဇွဲလားနိုင်ငံသူ၊ နိုင်ငံသားများ၊ အစိုးရနှင့် အရပ်ဘက်တို့တွင် တာဝန်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## အမိန့်ထုတ်ပြန်

ဗင်နီဇွဲလားနိုင်ငံသည် အမေရိကန်နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့နေပြီဖြစ်ရာ သမ္မတချာဗက်ဇ်က တပ်သားသစ်များ စုဆောင်းလျက်ရှိပြီး အင်အားကြီး ပြည်ပတပ်ဖွဲ့ဝင်များကို တွန်းလှန်တိုက်ခိုက်မည့် အစီအစဉ်များကို အလေးထား၍ လေ့ကျင့်ကြရန် အမိန့်ထုတ်ပြန်ထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

ဗင်နီဇွဲလားတပ်ဖွဲ့အတွက် ပြည်ပမှ ဝယ်ယူထားသော ရဟတ်ယာဉ်များကို မတ် ၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ဂျာမနီသို့ ပို့ဆောင်မည့် ဘိန်းဖြူများ ဘူလ်ဂေးရီးယား၌ သိမ်းဆည်းရမိ

**ဆိုဖီယာ မတ် ၇**

ဂျာမနီသို့ ပို့ဆောင်မည့် အဆင့်အတန်းမြင့် ဘိန်းဖြူ ၉၅ ကီလိုကို ဘူလ်ဂေးရီးယား အကောက်ခွန်အရာရှိများက တနင်္ဂနွေနေ့တွင် သိမ်းဆည်းရမိခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ယင်းမူးယစ်ဆေးဝါး၏ ခန့်မှန်းခြေ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်းကျော်ရှိပြီး ဆိုက်ဘေးရီးယားနှင့် ဆက်စပ်လျက်ရှိသော နယ်စပ်တွင် တူရကီမှ ဂျာမနီသို့ ဦးတည်သွားသော ကုန်တင်ကားတစ်စီး၏ နောက်ခန်းတွင် တွေ့ရှိခြင်းဖြစ်သည်။

ဘူလ်ဂေးရီးယားနိုင်ငံသည် အာရှနှင့် အနောက်ဥရောပနိုင်ငံများအကြား မူးယစ်ဆေးဝါး မှောင်ခိုတင်ပို့ရာလမ်းကြောင်းတွင် ကျရောက်နေသည့်အတွက် မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်သူများ၏ လွှဲပြောင်းသယ်ဆောင်သည့် အဓိကလမ်းကြောင်းတစ်ခု ဖြစ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အာဖရိကတောင်ပိုင်းတွင် အိဒ်စ်ရောဂါကြောင့် လူသုံးသန်း သေဆုံးခဲ့

**လူဆာကာ မတ် ၈**

အာဖရိကတိုက်ရှိ ဆာဟာရသဲကန္တာရ တောင်ပိုင်းနိုင်ငံများတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကြောင့် လွန်ခဲ့သည့်နှစ်က လူပေါင်းသုံးသန်းခန့်အထိ သေဆုံးခဲ့ရကြောင်း ဇမ်ဘီယာ တိုင်းမ်စ်သတင်းစာက အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

## မြင့်တက်

အာဖရိကတောင်ပိုင်းဒေသ၏ အိဒ်စ်ရောဂါကူးစက်ပျံ့နှံ့မှုနှုန်းမှာ မြင့်တက်နေကြောင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးလေးဦးလျှင်တစ်ဦးမှာ အိဒ်စ်ရောဂါဖြစ်စေသော အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုးရှိသူများဖြစ်ကြောင်း ဇမ်ဘီယာ အမျိုးသား ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့၏ အစီရင်ခံစာကို ကိုးကား၍ သတင်းစာက ရေးသားဖော်ပြသည်။

## ဖော်ပြ

အာဖရိကနိုင်ငံများတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်ပွားရမှုနှုန်း မြင့်မားရသည့် အကြောင်းတရားတစ်ရပ်မှာ လိင်အပျော်အပါးလိုက်စားခြင်းနှင့် ကွန်ဒုံး သုံးစွဲမှုမရှိခြင်းတို့ ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တူရကီ၌ စီးကရက်သောက်သူ သိသိသာသာ ကျဆင်း

**အန်ကာရာ မတ် ၇**

စီးကရက်သောက်ပါက အန္တရာယ်ရှိကြောင်း စီးကရက်ဘူးပေါ်တွင် စာရေးသားဖော်ပြမှုနှင့် ဆေးလိပ် မသောက်ရေးကြော်ငြာများ ဆက်တိုက်ထည့်သွင်းမှုတို့ကြောင့် လွန်ခဲ့သည့်ခြောက်နှစ်တာကာလအတွင်း တူရကီနိုင်ငံ၌ ဆေးလိပ်သောက်သူဦးရေ သိသိသာသာ ကျဆင်းသွားခဲ့သည်ဟု တူရကီဆေးလိပ်သောက်မှုတိုက်ဖျက်ရေးအဖွဲ့ (အက်စ်အက်စ်ဗွီ)က ပြောကြားကြောင်း တူရကီနေ့စဉ်သတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။

## ကျဆင်း

တူရကီနိုင်ငံတွင် ဆေးလိပ်သောက်မှု တိုက်ဖျက်ရေးလှုပ်ရှားမှုကို တက်ညီလက်ညီဖြင့် ဆောင်ရွက်ခဲ့မှု၏ အကျိုးသက်ရောက်မှုများရှိနေပုံကို စတင်မြင်တွေ့နိုင်ပြီဖြစ်ပြီး ၁၉၉၉ ခုနှစ်နောက်ပိုင်းတွင် ဆေးလိပ်သောက်သည့်ဦးရေ တစ်မူထူးခြားစွာ ကျဆင်းသွားခဲ့ပြီဖြစ်သည်ဟု အက်စ်အက်စ်ဗွီအကြီးအကဲ ကော်ဘေးကို ကိုးကား၍ အဆိုပါသတင်းစာက ဆက်လက်ရေးသားသည်။

တူရကီနိုင်ငံတွင် လွန်ခဲ့သည့် ခြောက်နှစ်တာ ကာလအတွင်း လူတစ်ဦးလျှင် စီးကရက် ၁၆၁၀ လိပ်နှုန်း သောက်ခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် လူတစ်ဦးလျှင် စီးကရက်အလိပ် ၁၄၉၀ ကိုသာ သောက်ခဲ့ကြသည်ဟု သတင်းစာက ရေးသားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အီဂျစ်နိုင်ငံတွင် ရှေးဟောင်းနတ်သမီးရုပ်တုများ ရှာဖွေတွေ့ရှိ

**ကိုင်ရို မတ် ၇**

အီဂျစ်နှင့်ဂျာမန် ရှေးဟောင်းပစ္စည်းတူးဖော်လေ့လာရေးပညာရှင်များ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ရှေးဟောင်းအီဂျစ်စစ်နတ်သမီးဖြစ်သည့် ဆက်မက်၏ ရုပ်တုခြောက်ခုကို အီဂျစ်နိုင်ငံ တောင်ပိုင်း လပ်ဇောမြို့တွင် တူးဖော်ရရှိခဲ့ကြောင်း အီဂျစ်ယဉ်ကျေးမှုဌာနဝန်ကြီး ဖာရောက် အဗ္ဗဒယ်အဇစ်ဟော့စနီက တနင်္လာနေ့တွင် ပြောကြားသည်။

ခြင်္သေ့မဦးခေါင်းနှင့် အမျိုးသမီးခန္ဓာကိုယ်ဖြင့် ထုဆစ်ထားသည့် အဆိုပါ ရုပ်တုများကို (ဘီစီ၁၅၈၀-၁၃၁၄) က (၁၈)ကြိမ်မြောက် မင်းဆက်အာမင်ဟိုတယ် နန်းတော်ရာတွင် တွေ့ရှိခဲ့ရသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ကွန်ဂိုနိုင်ငံ အဗီးဘားဒေသ၌ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ ကင်းလှည့်နေသည်ကို မတ် ၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ဆီးနှင်းများအား ဖယ်ရှားရှင်းလင်းနေသည့် မီးသတ်တပ်ဖွဲ့ဝင်များကို မတ် ၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ဂျာမနီနိုင်ငံတောင်ပိုင်း၌ ဆီးနှင်းထူထပ်စွာ ကျရောက်

**ဘာလင် မတ် ၇**

ဂျာမနီနိုင်ငံတောင်ပိုင်း၌ ဆီးနှင်းများ ထူထပ်စွာကျရောက်မှုကြောင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခြင်း၊ လမ်းများပိတ်ဆို့ခြင်းအပြင် ရက်သတ္တပတ်အတွင်း၌ ယာဉ်တိုက်မှု ၆၀၀ ကျော် ဖြစ်ပွားခဲ့ခြင်းကြောင့် ဒဏ်ရာရရှိသူနှင့် သေဆုံးသူ ၁၀၀ ကျော်ရှိကြောင်း မတ် ၅ ရက် သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

နှင်းသည်းထန်စွာ ကျရောက်မှုကြောင့် နှင်းထုအထူ ၅၀ စင်တီမီတာခန့်ရှိခဲ့ကြောင်း၊ ဘာဗာရီယားပြည်နယ်တောင်ပိုင်း၌ ဆောင်းရာသီကုန်ဆုံးချိန်တွင် နှစ်ပေါင်း ၂၀အတွင်း၌ အအေးဆုံးဖြစ်ခဲ့ရကြောင်း၊ မြူးနစ်မြို့တွင် မြေအောက်ရထားလမ်း ပြေးဆွဲမှုမှလွဲ၍ ကျန်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားရကြောင်း ဖော်ပြခဲ့သည်။

## လူလေးဦးသေဆုံး

ဘာဒန်ဝတ်ထမ်ဘရမ်ချ်ပြည်နယ် တောင်ပိုင်းတွင် နှင်းများကျရောက်မှုကြောင့် မတ် ၃ ရက် ညနေပိုင်းမှ ၅ ရက် နံနက်ပိုင်းအထိ ယာဉ်တိုက်မှု ၆၃၄ မှု ဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးပြီး ၁၀၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂျာမနီဒီပီအေ သတင်းဌာနက ဖော်ပြခဲ့သည်။

လေယာဉ်ပြေးလမ်းတွင် နှင်းထုများရှင်းလင်းရန်အတွက် မြူးနစ်လေဆိပ်ကို ခေတ္တခဏပိတ်ထားလိုက်ပြီး လေယာဉ်ခရီးစဉ်များကို ပယ်ဖျက်ခဲ့ရသည်။

ချက်စ်ဟူဆန်မြို့အနီးရှိ ရထားလမ်းများတွင်လည်း နှင်းများပိတ်ခဲ့ပြီး စတပ်ဂတ်ဒေသမှ အီတလီနိုင်ငံ မီလန်မြို့သို့သွားမည့် ခရီးသည် ၈၀ လိုက်ပါလာသော ရထားမှာ လမ်းခရီး၌ ရပ်တန့်ထားရသည်။

မတ် ၅ ရက် ညနေပိုင်းထိ ဆီးနှင်းများ သည်းထန်စွာ ဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း ဂျာမန်ဒီဗလျူဒီ မိုးလေဝသဌာနမှ ပြောကြားချက်ကို ကိုးကား၍ ဒီပီအေသတင်းဌာနက ဖော်ပြခဲ့သည်။

လမ်းချော်မည့်အန္တရာယ် ရှိနေသဖြင့် ယာဉ်များသည် အချိန်အတန်ကြာ ရပ်တန့်ထားရကြောင်း၊ ဝက်ဇ်ဘတ်ချ်မြို့အနီးတွင် ယာဉ်များ ပိတ်ဆို့မှုဖြစ်နေသဖြင့် ကူညီရေးအဖွဲ့ဝင်များက စောင်များနှင့် ရေနွေးများ သွားရောက်ပို့ပေးခဲ့ကြကြောင်း ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ရောင်လေဝေးဝေး ကွမ်းနှင့်ဆေး ခံတွင်းကျန်းမာရေး

မြန်မာမှုနယ်ပယ်တွင် ရှေးဘိုးဘေးများ လက်ထက်ကတည်းက ထွန်းကားလာခဲ့သော ကွမ်းစားခြင်းဓလေ့သည် ယနေ့မျက်မှောက်ကာလ မြို့ပြလူထု၏ အလွှာစုံ၌လည်း ဖက်ရှင်တစ်ရပ်သဖွယ် အများအပြား စားသုံးနေကြသည်ကို မြင်တွေ့နေကြရပေသည်။ ကွမ်းစားသူ နှစ်မျိုးနှစ်စားရှိသည့်အနက် အပျော်စားသူတို့က ကွမ်းယာတွင် ကွမ်းရွက်၊ ကွမ်းသီး၊ ရှားဆေး၊ ထုံးတို့အပြင် စမုန်စပါး၊ နွယ်ချို၊ အာမွှေး စသည်တို့ဖြင့် မိမိနှစ်သက်သလို စပ်ဟပ်ကာ ကွမ်းယာအချိုကို စားသုံးကြပြီး ကွမ်းစွဲနေသူတို့က ဆေးရွက်ကြီးကို အမှုန့်ချေထားသော ဇမာဆေးဖြင့် အခါးကို စားသုံးနေကြပေသည်။ ကွမ်းယာ အမျိုးအစားများကလည်း အချိုရိုးရိုး၊ အချိုရှယ်၊ အချိုထူးရှယ်၊ ငွေကွမ်းယာ၊ ရွှေကွမ်းယာ၊ ရေခဲစိမ်ကွမ်းယာ၊ ဆေးရိုးရိုး၊ ဆေးဖာလာ၊ ဆေးရှယ်၊ ဆေးထူးရှယ်၊ ဆေးထူးအာမွှေးရှယ်၊ ဆေးရှယ်စုံစသည်ဖြင့် စွဲမက်ဖွယ်ရာ အမည်နာမ စုံလင်လှပေ၏။

ကွမ်းစွဲနေသူများသည် တစ်နေ့လျှင် ကွမ်းယာ ငါးယာ၊ ဆယ်ယာမှ အချို့ဆိုလျှင် အယာငါးဆယ်ကျော်အထိ ကျန်းမာရေးကို ထိခိုက်ပျက်ပြားလောက်အောင် စားသုံးနေကြပေသည်။ အချို့မှာ နံနက်အိပ်ရာထလျှင် ထချင်း မျက်နှာမသစ်ခင် အသင့်ယာပြီးသားကွမ်းယာကို ပါးစပ်တွင် အရင်ဆုံးငုံပြီးမှ တစ်နေ့တာ လုပ်ငန်းဆောင်တာတို့ကို ဆက်လက်ဆောင်ရွက်နိုင်ကြသည်။ အချို့ဆိုလျှင် ထမင်းစားသည့်အချိန်မှလွဲ၍ ကွမ်းကို တစ်ယာပြီးတစ်ယာ အလျင်မပြတ် တစ်နေကုန်ဝါးနေရမှ နေသာထိုင်သာရှိပြီး ညအိပ်ရာဝင်သည့် အခါတွင်လည်း ကွမ်းငုံပြီး အိပ်ရပါမှ အိပ်ပျော်သည်အထိ စွဲလမ်းနေသူများလည်း ရှိပေသည်။ ကွမ်းစားခြင်းနှင့် ခံတွင်းကျန်းမာရေးကို နှိုင်းချင့်နိုင်ရန်အတွက် ကွမ်းယာတွင် အဓိကပါဝင်သော ပစ္စည်းများ၏ အာနိသင်ကို တစ်မည်ချင်း စိစစ်တင်ပြပါမည်။

ကွမ်းယာ၏ အဓိကပစ္စည်းဖြစ်သော ကွမ်းရွက်တွင် ရေငွေ့ဓာတ် ၈၅ဒသမ၄ ရာခိုင်နှုန်း၊ ပရိုတိန်းဓာတ် ၃ဒသမ၁ရာခိုင်နှုန်းနှင့် ကာဗိုဟိုက်ဒရိတ်ဓာတ် ၆ဒသမ၈ရာခိုင်နှုန်း ပါဝင်ပြီး မြန်မာ့ဆေးကျမ်းများ၌

**သွား၏အပေါ်ယံကြွေလွှာ ပြုန်းတီးနေသည်ကို ဤသို့ တွေ့ရသည်။**

ကွမ်းရွက်ကို စွယ်စုံရသော ဆေးဖက်ဝင်သစ်ရွက်အဖြစ် ဖော်ပြကြသည်။ ရှုတော်မူဆေးကျမ်းတွင် "ကွမ်းရွက်သည် ပူစပ်သော အရသာရှိ၏။ သလိပ်ကို ကြေစေ၏။ လေကိုနိုင်၏။ သွေးဖောက်ပြန်သော အနာ၊ သည်းခြေနှင့် ယှဉ်သောအနာ၊ အပုပ်အားကြီးသော အနာတို့ကို နိုင်၏။ အညှော်အသင်းတို့ကို ထုတ်စေတတ်၏။ ချောင်းဆိုးနာကိုနိုင်၏။ သစ်ရွက်တို့တွင် အမြတ်ဆုံးဟု ကျမ်းများ၌ဆို၏" ဟူ၍ ဖော်ပြထားသည်။ သို့သော် နဂိုရည်မည်မျှပင် ကောင်းစေကာမူ အပေါင်းအဖော် မကောင်းလျှင် ရှိရင်းစွဲအရည်အသွေး ပျက်ယွင်းတတ်သကဲ့သို့ ကွမ်းယာတွင် အခြားပစ္စည်းများနှင့် ရောနှောစပ်ဟပ်သုံးစွဲရာမှ ကွမ်းရွက်၏ မူလအာဟာရတန်ဖိုးသည် လျော့ပါးပျက်ပြယ်ရပေသည်။

ကွမ်းသီးနှင့် ကွမ်းရွက်တို့သည် အမည်ဆင်တူသော်လည်း သီးခြားအပင်များမှရသော အသီးနှင့်အရွက်တို့ဖြစ်ကြပြီး ကွမ်းသီးတွင် ရေငွေ့ဓာတ်နှင့် ကာဗိုဟိုက်ဒရိတ်ဓာတ်တို့ အများဆုံးပါဝင်၍ အခြားဓာတ်ပစ္စည်းများလည်း အနည်းငယ် ပါဝင်သည်။ ယင်းတို့အနက် Arecoline, Flavanoid နှင့် Tanin တို့သည် အန္တရာယ်ပေးနိုင်သော ဓာတ်ပစ္စည်းများဖြစ်ကြပြီး ကွမ်းသီးကိုကြာရှည်စွာစားသုံးလျှင် ခံတွင်း အမြှေးပါးတွင် ရှေ့ပြေးကင်ဆာအနာများ ဖြစ်စေနိုင်သည်။ တောင်အာရှနှင့် ပစိဖိတ်ဒေသတို့တွင် အချို့တိုင်းရင်းသားတို့သည် ကွမ်းသီးချည်းသက်သက်ကို ဝါးသည့်ဓလေ့ရှိကြပေသည်။ ပစိဖိတ်ဒေသ မိုက်ခရိုနီးဆီးယားနယ်မြေရှိ အထက်တန်းကျောင်း သုံးကျောင်းတွင် လေ့လာထားသော စာတမ်းတစ်စောင်၌ ပျမ်းမျှ အသက်၁၆နှစ်ခန့်စီရှိကြသော အထက်တန်းကျောင်းသားများ၏ ၆၃ဒသမ၄ရာခိုင်နှုန်းသည် ကွမ်းသီးဝါးသည့်အကျင့်ရှိကြပြီး ယင်းတို့အနက် ၁၃ရာခိုင်နှုန်းသည် ရှေ့ပြေးကင်ဆာအနာတစ်မျိုးဖြစ်သည့် အဖြူရောင်အကွက်များ ဖြစ်နေကြောင်း တင်ပြထားသည်။ ထိုကျောင်းသားများသည် ပျမ်းမျှ အသက် ၁၂နှစ်ခန့်ကတည်းက ကွမ်းသီးဝါးသည့်အကျင့်ကို စတင်ခဲ့ကြကြောင်း စာတမ်းတွင် ဖော်ပြထားပေသည်။ ထို့အပြင် ယေဘုယျအားဖြင့် ကွမ်းသီးက ခံတွင်းကို အန္တရာယ်ပေးနိုင်သည့်အချက်မှာ ကွမ်းသီးစိတ်၏ မာကျောမှုကြောင့် သွားများ၏ အပေါ်ယံကြွေလွှာ ပြုန်းတီးစေပြီး အပူအအေးနှင့် ချဉ်သော အစာများစားလျှင် ကျင်သောဝေဒနာ ခံစားရရှိစေနိုင်ခြင်း ဖြစ်ပေသည်။

**ဒေါက်တာညီညီ**

ကွမ်းယာတွင် မပါမဖြစ်သည့် နောက်အမည်တစ်မျိုးမှာ ထုံးဖြစ်သည်။ ထုံးဓာတ်သည် ကိုယ်ခန္ဓာအတွင်းရှိ အရိုးနှင့်သွားများ တောင့်တင်းခိုင်မာစေရန် လိုအပ်သည်မှန်သော်လည်း ထုံးသတ္တုအတိုင်း စားသုံးရန် မသင့်လျော်ဘဲ ဟင်းသီးဟင်းရွက်များတွင် သဘာဝအလျောက် ပါဝင်သော ထုံးဓာတ်ကိုသာ မှီဝဲအပ်ပေသည်။ ကွမ်းစားထုံးဆိုသည်မှာ ရိုးရိုးထုံးတွင်ပါဝင်သော စပ်သည့်အရသာ ကုန်စင်သွားအောင် ရေနွေးဖြင့် အထပ်ထပ်ဆေး၍ ဖောက်ထားသော ဖောက်ထုံးဖြစ်ပြီး ကျောက်ချဉ်၊ ပဲဆီ၊ ဆား၊ နွားနို့၊ နို့ဆီ၊ အချိုရည် စသည့်ပစ္စည်းတစ်မည်ကောင်းကို ထည့်ကာ စားကောင်းအောင် စီမံထားပေသည်။ ထုံးကို ရေနွေးဖြင့် အကြိမ်ကြိမ်ဆေး၍ ဖောက်ထားသည်ဆိုငြားသော်လည်း ကွမ်းစားထုံးကို ခံတွင်းတွင် ကြာရှည်စွာ ငုံထားလျှင် အရပ်အခေါ် "ထုံးပေါက်သည်"ဟု ဆိုသော ခံတွင်းအမြှေးပါး အပေါ်ယံလွှာပျက်စီးမှု ဖြစ်စေနိုင်သည်။ ထို့ပြင် ကွမ်းစားထုံးတွင် Arsenicဟု ခေါ်သည့် အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ပစ္စည်းအနည်းငယ် ရောနှောပါဝင်နေပေရာ ထုံးပေါက်နာမှတစ်ဆင့် ကွမ်းသွေးတွင်ပါဝင်သော အန္တရာယ်ရှိသည့် ဓာတ်ပစ္စည်းများလည်း ပါးစောင်အတွင်းသို့ စိမ့်ဝင်စေနိုင်ပေသည်။ ထို့ပြင် ထုံးကြောင့် လျှာနှင့် အာခေါင်တွင် စူးရှထက်မြက်သည့် အနံ့အရသာ ခံစားနိုင်မှုလျော့ပါးစေနိုင်ပြီး ထုံးကြောင့်ဖြစ်သော ကွမ်းချိုးများသည်လည်း သွားခြေတွင် ကပ်ငြိကာ အချိန်ကြာမြင့်လာလျှင် ဆိုးရွားသော ရေစီးကမ်းပြိုရောဂါ ဖြစ်စေလျက် သွားများကျွတ်ထွက် ဆုံးရှုံးစေနိုင်သည်။

**ကွမ်းစွဲနေသူများ၏ ကွမ်းယာတွင် မပါမဖြစ် အမြဲတမ်းပါသော ပစ္စည်းများမှာ ဆေးရွက်ကြီးဖြစ်ပြီး ဆေးရွက်ကြီးကို အမှုန့်ပြုလုပ်၍ဖြစ်စေ၊ အရက်ဖြင့်နှပ်၍ဖြစ်စေ စီမံပြုလုပ်လျက် စားသုံးကြလေသည်။ ဆေးရွက်ကြီးတွင်ပါသော Nicotine ဟုခေါ်သည့်ဓာတ်ပစ္စည်းသည် ကွမ်းစွဲခြင်းကိုဖြစ်စေလျက် တံတွေးနှင့်ပေါင်းစပ်လျှင် ကင်ဆာဖြစ်စေနိုင်သော ပစ္စည်းအဖြစ် ပြောင်းလဲသွားနိုင်ပါသည်။**

ရှားစေးသည် ခါးသောအရသာရှိပြီး ယခင်က ကွမ်းရွက်တစ်ရွက်တွင် ထုံးတစ်ဝက် ရှားစေးတစ်ဝက် သုတ်ကြသော်လည်း ယခုအခါတွင် ကွမ်းတစ်ရွက်တွင် ရှားစေးတစ်စက်ခန့်သာထည့်၍ စားသုံးကြသည်။ သို့သော်ရှားစေးသည် သဘာဝဆိုးဆေး တစ်မျိုးဖြစ်ပေရာ ခံတွင်းတွင် ကြာရှည်စွာ ငုံထားပြီး စားသုံးရန် မသင့်သော ပစ္စည်းဖြစ်ပေသည်။ ထို့ပြင် ရှားစေးကြောင့်သွားများတွင် အရောင်စွန်းထင်း မည်းညစ်မှုကိုလည်း ဖြစ်စေနိုင်သည်။

ယနေ့ကွမ်းစွဲနေသူတို့သည် ကွမ်းယာတွင် အာမွှေးကိုနှစ်ခြိုက်စွာ ထည့်၍ စားသုံးနေကြပေရာ အာမွှေးသည် ဆေးရွက်ကြီးကဲ့သို့ လူတို့ကို စွဲလမ်းမှု အန္တရာယ်ပေးနေပေသည်။ **နယ်စပ်မှဝင်လာသော ကွမ်းစားဆေးအာမွှေးဆေးဘူးမျိုးစုံတို့သည် "တအားကြီးမွှေး၊ တအားကြီးစွဲ"လှသဖြင့် ကွမ်းလောကတွင် ဈေးကွက်ဝင် တွင်ကျယ်လျက်ရှိပေရာ ကွမ်းမွှေးဆေးဘူးမျိုးစုံတို့၏ အာနိသင်ကို စိစစ်ရန်လိုအပ်နေပြီ**ဟု ထင်မြင်မိသည်။

ကွမ်းစွဲနေသူများ၏ ကွမ်းယာတွင် မပါမဖြစ် အမြဲတမ်းပါသော ပစ္စည်းများမှာ ဆေးရွက်ကြီးဖြစ်ပြီး ဆေးရွက်ကြီးကိုအမှုန့်ပြုလုပ်၍ဖြစ်စေ၊ အရက်ဖြင့်နှပ်၍ဖြစ်စေ စီမံပြုလုပ်လျက် စားသုံးကြလေသည်။ ဆေးရွက်ကြီးတွင်ပါသော Nicotine ဟုခေါ်သည့် ဓာတ်ပစ္စည်းသည် ကွမ်းစွဲခြင်းကိုဖြစ်စေလျက် တံတွေးနှင့်ပေါင်းစပ်လျှင် ကင်ဆာဖြစ်စေနိုင်သော ပစ္စည်းအဖြစ် ပြောင်းလဲသွားနိုင်ပါသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ကွမ်းစားခြင်း၊ ဆေးငုံခြင်းကို မီးခိုးမထွက်သော ဆေးရွက်ကြီး သုံးစွဲမှု (Use of Smokless tobacco) အဖြစ် ဖော်ညွှန်းလျက် ခံတွင်း

**ဆေးရွက်ကြီးပါဝင်သောကွမ်းဖတ်ကို ပါးစောင်တွင် အချိန်ကြာမြင့်စွာငုံထားလျှင် ခံတွင်းအမြှေးပါးသည် ဇီဝဖြစ်စဉ်ပြောင်းလဲမှုဖြစ်၍ ရှေ့ပြေးကင်ဆာအနာများ ဖြစ်လာနိုင်သည်။ ယင်းတို့အနက် အဖြစ်အများဆုံးမှာ ခံတွင်းအမြှေးပါး မျက်နှာပြင်ထူအမ်းလာပြီး ဂွမ်းနှင့် ဖိတိုက်သော်လည်း မကွာနိုင်သော မနာသည့် အဖြူရောင်အကွက်များ ဖြစ်သည်။ အချို့တွင် အနီရောင်အကွက်များ ဖြစ်လာသည်။ ရှေ့ပြေး ကင်ဆာအနာကို စောစီးစွာတွေ့ရှိပါက ကာယကံရှင်အနေဖြင့် ကွမ်းစားသည့်အကျင့်ကို ချက်ချင်းရပ်စဲပြီး အချိန်မီကုသမှုကိုခံယူလျှင် ရောဂါပျောက်ကင်းနိုင်ပါသည်။ သို့မဟုတ်ပါက ခံတွင်းကင်ဆာအသွင်ပြောင်းလဲပြီး တဖြည်းဖြည်း မည်သည့်အစာမျှ မစားနိုင်တော့ဘဲ အာဟာရပြတ်ကာ အသက်ဆုံးရှုံးရတတ်သည်။**

ကျန်းမာရေးအတွက် ဧကန်ဒိဋ္ဌ အန္တရာယ်ရှိကြောင်း အသိပေးဖော်ပြလျက်ရှိပေသည်။ ဆေးရွက်ကြီးပါဝင်သောကွမ်းဖတ်ကို ပါးစောင်တွင် အချိန်ကြာမြင့်စွာငုံထားလျှင် ခံတွင်းအမြှေးပါးသည် ဇီဝဖြစ်စဉ်ပြောင်းလဲမှုဖြစ်၍ ရှေ့ပြေးကင်ဆာအနာများ ဖြစ်လာနိုင်သည်။ ယင်းတို့အနက် အဖြစ်အများဆုံးမှာ ခံတွင်းအမြှေးပါး မျက်နှာပြင်ထူအမ်းလာပြီး ဂွမ်းနှင့် ဖိတိုက်သော်လည်း မကွာနိုင်သော မနာသည့် အဖြူရောင်အကွက်များ ဖြစ်သည်။ အချို့တွင် အနီရောင်အကွက်များ ဖြစ်လာသည်။ ရှေ့ပြေး ကင်ဆာအနာကို စောစီးစွာတွေ့ရှိပါက ကာယကံရှင်အနေဖြင့် ကွမ်းစားသည့် အကျင့်ကို ချက်ချင်းရပ်စဲပြီး အချိန်မီကုသမှုကိုခံယူလျှင် ရောဂါပျောက်ကင်းနိုင်ပါသည်။ သို့မဟုတ်ပါက ခံတွင်းကင်ဆာအသွင်ပြောင်းလဲပြီး တဖြည်းဖြည်း မည်သည့်အစာမျှ မစားနိုင်တော့ဘဲ အာဟာရပြတ်ကာ အသက်ဆုံးရှုံးရတတ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အစီရင်ခံစာတွင် ခံတွင်းကင်ဆာဖြစ်သူဦးရေ၏ ၉၀ရာခိုင်နှုန်းသည် ကွမ်းယာတွင် ဆေးရွက်ကြီးထည့်၍ စားသုံးမှုကြောင့်ဖြစ်ကြောင်း တင်ပြထားသည်။

ယနေ့ကမ္ဘာတွင် ခံတွင်းကင်ဆာသည် အဋ္ဌမမြောက်အဖြစ်အများဆုံး ကင်ဆာရောဂါဖြစ်နေပြီးအမျိုးသားများတွင် ပို၍ဖြစ်နေသည်။ တောင်အာရှဒေသတွင် အဖြစ်အများဆုံး ကင်ဆာသုံးမျိုး၌ ခံတွင်းကင်ဆာသည် တစ်ခုအပါအဝင်ဖြစ်ပြီး အိန္ဒိယတွင် လူဦးရေ ၁၀၀၀၀၀လျှင် ၁၂ဒသမ၆ဦးခန့်ဖြစ်နေပေသည်။ ထိုသို့အဖြစ်များနေခြင်းမှာ ကွမ်းစားခြင်း၊ ဆေးငုံခြင်းနှင့် ဆေးလိပ်သောက်ခြင်းဓလေ့များကြောင့် ဖြစ်ကြရပြီး လူမှုရေး၊ စီးပွားရေးအဆင်မပြေသူများတွင် အများဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်လေရာ ကွမ်းစွဲနေသူများအနေဖြင့် မိမိတို့ခံတွင်းကို မှန်တွင်ကြည့်၍ အမြဲတမ်းစစ်ဆေးသင့်ပြီး မသင်္ကာဖွယ်တွေ့ရှိပါက နားလည်တတ်ကျွမ်းသော ဆရာဝန်ထံပြသကာ စစ်ဆေးကုသမှုကို ခံယူသင့်သည်။ နိဂုံးချုပ်အနေဖြင့် **ငွေကြေးကုန်ကျပြီး ကျန်းမာရေးကိုချို့တဲ့စေသော ကွမ်းစားသည့်အကျင့်ကို ကွမ်းစွဲနေသူများအဖို့ အခါမလင့်ခင် ဆောလျင်စွာရပ်စဲသင့်ပြီး အပျော်စားသူများအနေဖြင့်လည်း အန္တရာယ်ကို မျှော်ခေါ်သိမြင်ကာ ဆင်ခြင်သတိချပ်လျက် ရှောင်ကြဉ်အပ်ပါကြောင်း** တင်ပြလိုက်ရပါသည်။ ။



ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျောင်းသူကလေးများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်က ကြိုဆိုနှုတ်ဆက်ကြသည့် ကျောင်းသူကလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၉–၃–၂၀၀၆ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ မျိုးချစ်တပ်မတော်
**၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၄:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၄:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၄:၅၀** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
**၅:၀၀** ၈။ မျိုးချစ်တပ်မတော်
**၅:၄၀** ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
**၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၃။ မိုးလေဝသသတင်း
**၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၃၀** ၁၅။ **ကာတွန်းအစီအစဉ် ပါကျဲ (အပိုင်း–၁၆)**
**၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့ အိမ်ကလေး" (အပိုင်း–၄)**
**၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြဝတီရဲ့ မြဝတီ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း–၁၆)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

## ပန်းတနော် မြို့နယ်အသင်း စတုဒိသာ ကျွေးမည်

**ရန်ကုန် မတ် ၈**

ပန်းတနော်မြို့နယ်၏ ကျက်သရေဆောင် သမိုင်းဝင် ရွှေမြင်တင်ဘုရားကြီး၏ တပေါင်းလပြည့်နေ့ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)က ဘုရားကြီးပရိဝုဏ်အတွင်း စတုဒိသာ ကျွေးမွေးဧည့်ခံမည် ဖြစ်သည်။

ရန်ကုန်မြို့မှ အသင်းသူ၊ အသင်းသားများသည် ပန်းတနော်မြို့သို့ လိုက်ပါနိုင်ရန် မော်တော်ယာဉ် စီစဉ်ထားပြီးဖြစ်ပါ၍ မတ် ၁၃ ရက် (တနင်္လာနေ့) တပေါင်းလပြည့်နေ့ နံနက် ၆နာရီထက် နောက်မကျဘဲ အသင်းတိုက်တည်ရှိရာ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၁၇၃/၁၇၅) သို့ လာရောက်လိုက်ပါနိုင်ကြောင်း သိရသည်။ (က–ပ)

# ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့် ကျေးလက်မီးလင်းရေး၊ ကျေးလက် စာကြည့်တိုက်ဖွင့်
# ဇီဝလောင်စာဆီ အစားထိုးကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်အဖြစ်စဉ်ဆက်မပြတ်ေ

# မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး၊ အမျိုးသားညီလာခံအောင်မြင်ရေးသည် နိုင်ငံသားတိုင်းေ
# နိုင်ငံသားတိုင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် အင်တိုက်အားတိုက် စုပေါင်းေ

ရန်ကုန် မတ် ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲ တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။**

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့်အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ၊ သင်တန်းကြီးကြပ်သူအရာရှိများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် မျိုးဆက်သစ်လူငယ်များကို စဉ်တိုက်ဆက်တိုက် လေ့ကျင့်ပျိုးထောင်ပေးနေကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်မှာ အရေးကြီးသည့် အခန်းကဏ္ဍကပါဝင်ကြောင်း၊ အသိပညာရှင် အတတ်ပညာရှင်ဖြစ်သည့် ပညာတတ်အရင်းအမြစ်များ၊ အမှန်အမှား၊ အကောင်းအဆိုး ခွဲခြားနိုင်ပြီးအတွေးအခေါ်အယူအဆကောင်းသည့် လူ့အရင်းအမြစ်များ အရင်းအနှီးနှင့် အတတ်ပညာရှိသည့်လူ့အရင်းအမြစ်များနှင့် အေးချမ်းတည်ငြိမ်မှု စည်းလုံးညီညွတ်မှုကိုမြတ်နိုးသည့် လူ့အရင်းအမြစ်များ၊ အရည်အချင်းမြင့်မားစွာဖြင့် အရေအတွက်များပြားစွာလိုအပ်ကြောင်း။

သင်တန်းများနှင့် ဆွေးနွေးပွဲများပြုလုပ်ပြီး အရည်အသွေး အရည်အချင်း တိုးတက်မြင့်မားရေး၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်ထက်မြက်ရေး၊ အကြောင်းအကျိုးဆင်ခြင်သုံးသပ်မှု ခိုင်မာသောယုံကြည်ချက်၊ ခံယူချက်စသည့် စိတ်ပိုင်းဆိုင်ရာ မှန်ကန်ထက်မြက်ထူးချွန်ပြည့်စုံရေးများကို လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့် ဂုဏ်အင်္ဂါများကို အလေးထား ဂုဏ်ယူတတ်ရန်၊ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု၊ ပြည်ထောင်စုစည်းလုံးညီညွတ်မှုကို တန်ဖိုးထားမြတ်နိုးတတ်ရန်လည်း ဆွေးနွေးပို့ချပေးနေခြင်းဖြစ်ကြောင်း။

မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းတွင် နိုင်ငံသမိုင်း၊ အမျိုးသားရေး မူဝါဒ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်၊ နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးနှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍတွင် ဒေသတွင်းနှင့်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာခဲ့ကြပြီးဖြစ်ကြောင်း။

**လမ်းညွှန်အဖြစ်ခံယူ**

နိုင်ငံတော်ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတကာအခြေအနေကို ကာလသုံးပါးဆက်စပ်ပြီး ဘဝအတွေ့အကြုံနှင့် ထင်ဟပ်လေ့လာခဲ့၍ နိုင်ငံတော်၏ အခြေအနေကမ္ဘာ့အခြေအနေကိုအတိုင်းအတာတစ်ခုထိ သိမြင်နိုင်စွမ်းရှိလာပြီဟု ယုံကြည်ပါကြောင်း၊ ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အတွေးအခေါ်၊ လုပ်နည်းနှင့်ဗဟုသုတများကို လက်တွေ့နယ်ပယ်တွင် လမ်းညွှန်အဖြစ် ခံယူဆောင်ရွက်ကြစေလိုကြောင်း။

ဘာသာရပ်အလိုက်၊ ဒေသနယ်ပယ်အလိုက်တွင် တီထွင်ကြံဆမှု၊ ကျွမ်းကျင်ထက်မြက်မှုနှင့် ဗဟုသုတပြည့်ဝမှုများကို မှန်ကန်စွာအသုံးပြုပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဦးတည်ချက်ရှိရှိ ထိရောက်စွာဆောင်ရွက်ကြပါ။ ယုံကြည်မှု၊ အတတ်ပညာအသိ၊ ဆင်ခြင်အသိနှင့် ကျွမ်းကျင်ထက်မြက်မှုများကို မှန်မှန်ကန်ကန်ပေါင်းစပ်ဆောင်ရွက်ကြပါ။ ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့်အညီ အရည်အချင်းအရည်အသွေးမြင့်မားရေးကို ဆက်လက်ဆည်းပူးလေ့လာနေကြပါ။

အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မျိုးဆက်သစ်လူငယ်များ၏ ခေါင်းဆောင်မှုအရည်အသွေးသည် ထူးချွန်ထက်မြက်နေရမှာဖြစ်ကြောင်း၊ မိမိဆောင်ရွက်နေရသည့် လက်ငင်းတာဝန်ထက် ပိုမိုမြင့်မားသည့် ခေါင်းဆောင်မှုအရည်အချင်း အရည်အသွေးများ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရရှိနေအောင် ဆည်းပူးလေ့လာနေကြရမည်ဖြ
လူငယ်ခေါင်းဆောင်များ အရည်အသွေးမြင့်မ
ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အ
လျင်မြန်စွာနှင့် အောင်မြင်အောင် ဆောင်ရွက်
အသင်းကြီးသည်လည်း ခိုင်မာတော
အင်အားစုအဖြစ် နိုင်ငံအကျိုး၊ ပြည်သူ့အက
ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**အေးအတူပူအမျှ**

ပြည်ထောင်စုနိုင်ငံတော်ကြီးအတွင်း မိမိတို
စာနာမှု၊ နားလည်မှု၊ တွယ်တာမှု၊ ချစ်ကြည်
အရင်းခံစိတ်ဓာတ်နှင့် အေးအတူပူအမျှ အတူ
စည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ ပြည်
ကောင်းများ အဆက်မပြတ် ရှင်သန်ထွန်းကား
ခြင်း ဖြစ်ကြောင်း။
ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် တစ်
အမျိုးသားရေးစိတ်ဓာတ်ဖြစ်ကြောင်း၊ ပြည်
ဒို့တာဝန်အရေး(၃)ပါး၏ အခြေခံလည်းဖြစ်
ကိုခံယူထားသည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်
ကို အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်အောင်
အစိုးရ၊ ပြည်သူ၊ တပ်မတော်ပူးပေါင်း
ခံယူ၊ ဦးတည်ချက် ၁၂ ရပ်အတိုင်း အေးချမ်း
အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်
အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတ
လာရေးအတွက် အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသ
ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုး
ချက်များဖြစ်ကြောင်း။

**ဖွံ့ဖြိုးတိုးတက်ရေ**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစ
တည်ငြိမ်ရေးရရှိအောင်ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုး
ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမျိုးသားစီးပွ
ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်း၊ စီမံ
အထည်ဖော် ဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေ
ကဏ္ဍများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက
နေကြောင်း။
ကိုယ့်အားကိုယ်ကိုးပြီး ပြည်တွင်းအမျိုးသ
များကြောင့် စီးပွားရေး အခြေခံကောင်းများသ
ဖွံ့ဖြိုးတိုးတက်မှုနှင့် ဟန်ချက်ညီညီ တိုးတ
လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ေ
ရေး၊ ပြည်သူများပညာရည်မြင့်မားရေးကို ဆော
အတွေးအခေါ်မြင့်မားပြီး အသိပညာဉာဏ်
အတွက် ဒီမိုကရေစီနည်းကျကျ လူတော်လူကေ
မှန်ကန်စွာစဉ်းစားရွေးချယ်နိုင်မည်ဖြစ်ကြောင်
အေးချမ်းတည်ငြိမ်ရေးအခြေခံကောင်း၊
အခြေခံကောင်းများနှင့် လူ့စွမ်းအားအရင်းအမြစ်
ညီညီ တိုးတက်ဖြစ်ထွန်းအောင် အကောင်အထ
သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတ
လာရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြော

**ကွာဟချက်လျော့န**

နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ဒေသကြီး ၂၄ န
ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအဆက်အစပ်ရှိရှိ ကွ
ကြောင့် မြို့ပြနှင့် ကျေးလက်ကွာဟချက်များ
လာပြီး ဒေသအားလုံးတစ်ပြိုင်တည်း အချိုး
ကြောင်း။
ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်
ဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေရရှိရေး၊ ကျေး
ပညာရေးတိုးတက်စေရေး၊ ကျန်းမာရေးအဆင့်မြ

**အေးချမ်းတည်ငြိမ်မှုနှင့်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မျိုးဆက်သစ်လူငယ်များ၏ ခေါင်းဆောင်မှု အရည်အသွေးသည် ထူးချွန်ထက်မြက်နေရမှာဖြစ်၊**

**မိမိဆောင်ရွက်နေရသည့် လက်ငင်းတာဝန်ထက် ပိုမိုမြင့်မားသည့် ခေါင်းဆောင်မှုအရည်အချင်း အရည်အသွေးများ ရရှိနေအောင် ဆည်းပူးလေ့လာနေကြရမည်။**

# ...က် စာကြည့်တိုက်ဖွင့်လှစ်ရေး ...အဖြစ်စဉ်ဆက်မပြတ်ဆောင်ရွက် ...ည် နိုင်ငံသားတိုင်း၏တာဝန် ...အားတိုက် စုပေါင်းဆောင်ရွက်

ရရှိနေအောင် ဆည်းပူးလေ့လာနေကြရမည်ဖြစ်ကြောင်း၊ အသင်းဆင့်ဆင့် လူငယ်ခေါင်းဆောင်များ အရည်အသွေးမြင့်မားနေမှ အသင်းကြီး၏ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် သွက်လက်လျင်မြန်စွာနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

အသင်းကြီးသည်လည်း ခိုင်မာတောင့်တင်းသည့် အမျိုးသားရေးအင်အားစုအဖြစ် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**အေးအတူပူအမျှ**

ပြည်ထောင်စုနိုင်ငံတော်ကြီးအတွင်း မိမိတို့ တိုင်းရင်းသား လူမျိုးများသည် စာနာမှု၊ နားလည်မှု၊ တွယ်တာမှု၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု အရင်းခံစိတ်ဓာတ်နှင့် အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြကြောင်း၊ စည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အခြေခံကောင်းများ အဆက်မပြတ် ရှင်သန်ထွန်းကားနေအောင် ထိန်းသိမ်းလာခဲ့ကြခြင်း ဖြစ်ကြောင်း။

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြစ်ကြောင်း၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် ဒို့တာဝန်အရေး(၃)ပါး၏ အခြေခံလည်းဖြစ်ကြောင်း၊ ဒို့တာဝန်အရေး(၃)ပါးကိုခံယူထားသည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ခိုင်မာသူများကသာ နိုင်ငံတော်ကို အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အစိုးရ၊ ပြည်သူ၊ တပ်မတော်ပူးပေါင်းပြီး ဒို့တာဝန်အရေးသုံးပါးကို ခံယူ၊ ဦးတည်ချက် ၁၂ ရပ်အတိုင်း အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလိုအပ်ချက်များဖြစ်ကြောင်း။

**ဖွံ့ဖြိုးတိုးတက်ရေး**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးတည်ဆောက်၊ အေးချမ်းတည်ငြိမ်ရေးရရှိအောင်ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို နေ့မအား ညမနား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်း၊ စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဆောင်ရွက်နေကြောင်း။

ကိုယ့်အားကိုယ်ကိုးပြီး ပြည်တွင်းအမျိုးသား စွမ်းအားစု၏ ဆောင်ရွက်မှုများကြောင့် စီးပွားရေး အခြေခံကောင်းများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဟန်ချက်ညီညီ တိုးတက်ဖြစ်ပေါ်နေပြီ ဖြစ်ကြောင်း။

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ ပြည်သူများပညာရည်မြင့်မားရေးကို ဆောင်ရွက်နေကြောင်း၊ ပြည်သူများအတွေးအခေါ်မြင့်မားပြီး အသိပညာဉာဏ် ဗဟုသုတပြည့်စုံမှ နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းကျကျ လူတော်လူကောင်းများကို ဆန္ဒစွဲကင်းရှင်းပြီး မှန်ကန်စွာစဉ်းစားရွေးချယ်နိုင်မည်ဖြစ်ကြောင်း။

အေးချမ်းတည်ငြိမ်ရေးအခြေခံကောင်း၊ အမျိုးသားစီးပွားရေး ခိုင်မာမှုအခြေခံကောင်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းအောင် အကောင်အထည်ဖော်ဆောင်ရွက် ပေးနေခြင်းသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**ကွာဟချက်လျော့နည်း**

နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုအဆက်အစပ်ရှိရှိ ကွက်ပြည့်အကောင်အထည်ဖော်မှုကြောင့် မြို့ပြနှင့် ကျေးလက်ကွာဟချက်များ တစ်စထက်တစ်စ လျော့နည်းလာပြီး ဒေသအားလုံးတစ်ပြိုင်တည်း အချိုးညီညီ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅) ရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေရရှိရေး၊ ကျေးလက်စီးပွားရေး တိုးတက်ရေး၊ ပညာရေးတိုးတက်စေရေး၊ ကျန်းမာရေးအဆင့်မြင့်မားရေးနှင့်အတူ ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့် အသုံးပြုနိုင်ရေး၊လောင်စာ အခက်အခဲမရှိရေး၊ ဒီဇယ်အစားထိုး ဇီဝလောင်စာအသုံးပြုနိုင်ရေးအတွက် ကြက်ဆူပင်စိုက်ပျိုးရေးကို ဆောင်ရွက်နေကြောင်း။

ခြံစည်းရိုးကြက်ဆူပင်သည် မြေနေရာမရွေး ရှင်သန်နိုင်ပြီး ကြက်ဆူကြိတ်ဖတ်မှာ နိုက်ထရိုဂျင်ပါဝင်နှုန်းများသည့်အတွက် ဓာတ်မြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ ကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးပြီး ကျေးလက်စီးပွားရေး ဖွံ့ဖြိုးပြီး ဝင်ငွေတိုးပွားရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ခရီးရောက်နေပြီ**

အသင်းကြီးသည် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဖြင့် ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နေသည်မှာ အတော်ပင် ခရီးရောက်နေပြီဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရေး၊ ဇီဝလောင်စာအစားထိုး ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်အဖြစ် စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရန် မှာကြားလိုကြောင်း။

နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအရ အသွင်ကူးပြောင်းရေးအတွက် ချမှတ်ဆောင်ရွက်နေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်၏ပကတိအခြေအနေနှင့် ကိုက်ညီမှန်ကန်သည့်အတွက် အမျိုးသားရေးပန်းတိုင်ကို ရောက်ရှိမှာ အောင်မြင်ရရှိမှာဖြစ်ကြောင်း၊ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် အရေးကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ကျင်းပပြီး အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးတွင် လိုအပ်သည့်အခြေခံမူများ ချမှတ်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံအောင်မြင်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝနှင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် မှာကြားလိုသည်မှာ

- **သင်တန်းမှာ နိုင်ငံတော်ရည်မှန်းချက်ပန်းတိုင် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေးကို လေ့လာမှတ်သားခဲ့ကြပြီးဖြစ်၍ အရာရာကို မြော်မြင်တွက်ဆ အလေးအနက်ခံယူပြီး ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်သည့် နိုင်ငံသားကောင်း၊ အဖျက်အန္တရာယ်ကို တွန်းလှန်ဖယ်ရှားနိုင်သည့် ပြည်သူနှင့်တစ်သားတည်းရပ်တည်သော နိုင်ငံသားကောင်း၊ နိုင်ငံတော်နှင့် ပြည်သူအကြား ပေါင်းကူးဆက်စပ်ပေးနိုင်သည့် စည်းရုံးရေးမှူးကောင်း၊ အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြပါ။**
- **တိုင်းရင်းသားပြည်သူများအကြား ဒို့တာဝန်အရေး(၃)ပါး ခံယူလိုစိတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နဲ့ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်လိုစိတ်များ အစဉ်ရှင်သန် ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊မျှဝေခံစားရေးစိတ်ဓာတ်၊တည်ဆောက်ရေးစိတ်ဓာတ်များ၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြားထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **ပြည်သူကို ကိုယ်စားပြုသည့် အမျိုးသားရေး အင်အားစုကြီးအနေနှင့် ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့် အသင်းရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းပြောကြားသွားသည်။

သင်တန်းဆင်းပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ ၂၁၁ဦးတို့ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဧရာဝတီတိုင်းအတွင်း အသင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၅ ရက်တွင် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာရှိ ပိတောက်လမ်း ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့ဝင်များသည် ထူးကြီးအခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိ၍ ကျောင်းအုပ်ဆရာမကြီးထံ ကွန်ပျူတာတစ်စုံနှင့် ငွေကျပ်ခုနစ်သိန်းတို့ကိုလှူဒါန်းပြီး ထူးကြီးကျေးရွာ အမျိုးသမီး ရေးရာအဖွဲ့သို့ အလှူငွေကျပ် ၁၀သိန်းကိုလှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဇလုပ်ကြီးကျေးရွာသို့ ရောက်ရှိ၍ ဇလုပ်ကြီးကျေးရွာမှ ထူးကြီးကျေးရွာသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီးဖောက်လုပ်ထားသည့် ရာသီမရွေးသွားလာနိုင်သော ကျေးရွာချင်းဆက် လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် အုတ်ရစ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အင်္ဂပူမြို့ မြို့မအခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန်လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက တာဝန်ယူဆောင်ရွက်ခဲ့သည့် အင်္ဂပူမြို့နယ် လယ်ဦးစု (ရေဝါ) ရေကာတာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါရေကာတာသည် အလျား ပေ၂၄၇၀၀ရှိပြီး အကျယ် ၁၃ပေတွင် မြေသားထုအမြင့်သုံးပေ မြှင့်တင်ခြင်းဖြစ်သည်။ အဆိုပါရေကာတာ ပြီးစီးသွားသည့်အတွက် လယ်ဧက ၄၀၀၀ကျော် မိုးရာသီတွင် ရေနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် ကျေးရွာအုပ်စုခြောက်အုပ်စု ကျေးရွာပေါင်း၂၀ မှ ပြည်သူများ အင်္ဂပူမြို့သို့ ရာသီမရွေးသွားလာနိုင်သည့် ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုနိုင်သည်။ (သတင်းစဉ်)

## စာအောင်ဂုဏ်ပြုပွဲ ဝိဇာတမင်္ဂလာပွဲ

**ရန်ကုန် မတ် ၈**

ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် ၁၃၆၇ ခုနှစ် စာအောင်သံဃာတော် ဂုဏ်ပြုပွဲနှင့် ပဓာနနာယကဆရာတော် ဦးကောသလ (အဂ္ဂမဟာပဏ္ဍိတ) သက်တော်(၇၉)နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲကို မတ် ၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် မြသိန်းတန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၃)

## မိုးကုတ်တရားစခန်းပွဲ

**ရန်ကုန် မတ် ၈**

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ် တရားစခန်းပွဲဖွင့်လှစ်လျက်ရှိရာ ယခု (၁၃၆) ကြိမ်မြောက် တရားစခန်းပွဲတွင် ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ LL.B)၊ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား၃ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် မတ် ၁၆ ရက် (ကြာသပတေး)နေ့ ညနေ အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

**ထူးခြားသည့် နေ့အပူချိန်များ**

၈-၃-၂၀၀၆

**မင်းဘူး၊ အောင်လံ၊ ပြည်နှင့် ရွှေကျင် ၃၉ စင်တီဂရိတ် (၁၀၂ ဒီဂရီ ဖာရင်ဟိုက်)**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၉-၃-၂၀၀၆ (ကြာသပတေးနေ့ )**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၂၅ ၉။ မအီချောင်းတံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄)ခုနှစ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၇။ အတီးပြိုင်ပွဲ
၅:၃၅ ၈။ **"အန္တရာယ်ဆိုတာလက်တစ်ကမ်းမှာ" (စိုးသူ၊နန်းကလျာလှိုင်၊ ကျော်မင်းအောင်၊ကောင်းချာန်သစ်၊ ယင်းမာ) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၅:၄၀ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အဆိုပြိုင်ပွဲ
၆:၄၀ ၁၃။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၅၅ ၁၄။ သွင်းကုန်အစားထိုးစက်မှုရပ်ကွက်(မူဆယ်)
၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း-၁၁)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း-၁၃)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်တန်း-ထီးချိုင့်လမ်းသစ်ဖွင့်ပွဲတွင် (ကောလင်းမြို့နယ်အပိုင်း)လမ်းသစ်ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်တန်း-ထီးချိုင့်လမ်းသစ်ဖွင့်ပွဲ တက်ရောက်အားပေး ထီးချိုင့်-ကသာလမ်းပေါ်ရှိ လမ်းတံတားများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၈

**ကောလင်းမြို့နယ် ကျောက်ပုထိုး၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၃ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် ကောလင်းမြို့နယ်၌ ကျင်းပသည့် ကျောက်တန်း-ထီးချိုင့် လမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

## တက်ရောက်

ကျောက်တန်း-ထီးချိုင့်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို စစ်ကိုင်းတိုင်း ကောလင်းမြို့နယ်ဘက်ခြမ်း ကညွတ်အင်းနှင့်ကျောက်တန်းကျေးရွာအနီးရှိ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးအောင်အောင်နှင့်အဖွဲ့ဝင်များ၊ ကောလင်းမြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုကိုးအုပ်စုမှ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောက်တန်း-ထီးချိုင့်လမ်း(ကောလင်းမြို့နယ်အပိုင်း)နှင့် ပတ်သက်၍ ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့လက်ထောက်အင်ဂျင်နီယာ ဦးဌေးဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်တန်း-ထီးချိုင့်လမ်း (ကောလင်းမြို့နယ်အပိုင်း)ကို ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်၊ တိုင်းစည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ကျောက်ပုထိုး ရွှေထုတ်လုပ်ရေးသတ္တုတွင်းမှ အထွေထွေမန်နေဂျာ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အခမ်းအနားသို့ တက်ရောက်သည့် ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

## ဖြတ်သန်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်း-ထီးချိုင့်လမ်း (ကောလင်းမြို့နယ်အပိုင်း) လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကောလင်း-ထီးချိုင့်လမ်းတစ်လျှောက် လမ်းနှင့်တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောမကျေးရွာသို့ ရောက်ရှိ၍ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မရသိမ်ကျေးရွာသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ စစ်ကိုင်း-ကျောက်မြောင်း-ထီးချိုင့်-ကသာ-မိုးတားကြီး လမ်းပိုင်းနှင့် ကျောက်တန်း-ထီးချိုင့် လမ်းအခြေအနေများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်က ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မရသိမ်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျေးရွာရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၈နာရီ ၄၅မိနစ်တွင် ဒိုးပင်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ကာ မဲဇာချောင်းရေနိမ့်တံတား အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

## ထိန်ချောင်းတံတားကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒိုးပင်ကျေးရွာနှင့် မိချောင်းအိုက်ကျေးရွာသို့ ဆက်သွယ်သည့် အကျယ် ၁၅ ပေ၊ အရှည်ပေ ၁၆၀ ရှိ ထိန်ချောင်းတံတားသို့လည်းကောင်း၊ ကြက်သွန်ခင်းကျေးရွာရှိ အကျယ် ၁၅ ပေ၊ အရှည်ပေ ၂၂၀ရှိ မြို့လယ်ချောင်းတံတားသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ထီးချိုင့်မြို့နယ်၌ကျင်းပသည့် ကျောက်တန်း-ထီးချိုင့်လမ်း (ထီးချိုင့်မြို့နယ်အပိုင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကျောက်တန်း-ထီးချိုင့်လမ်း (ထီးချိုင့်မြို့နယ်အပိုင်း) လမ်းသစ်ဖွင့်ပွဲကို ထီးချိုင့်မြို့နယ်ဘက်ခြမ်း ကြက်သွန်ခင်းကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ငါးအုပ်စုမှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော် တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောက်တန်း-ထီးချိုင့်လမ်း(ထီးချိုင့်မြို့နယ်အပိုင်း)နှင့် ပတ်သက်၍ ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးအောင်ကြည်က ကျေးဇူးတင်စကားပြောကြားသည်။

## ဖွင့်လှစ်ပေး

ထို့နောက် ကျောက်တန်း-ထီးချိုင့်လမ်း(ထီးချိုင့်မြို့နယ်အပိုင်း) လမ်းသစ်ကို ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်နှင့် ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဘင်ခရာအဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး အခမ်းအနား တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်း-ထီးချိုင့်လမ်း(ထီးချိုင့် မြို့နယ်အပိုင်း)လမ်းသစ်နှင့် မြို့လယ်ချောင်း တံတားတို့ကို ကြည့်ရှုစစ်ဆေးပြီး မင်္ဂလာစည်တော်အဖွဲ့ကို ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

အဆိုပါ စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ကျောက်တန်း-ထီးချိုင့်လမ်းသည် အရှည် ၂၂မိုင် ၄ဖာလုံရှိပြီး ယခင်လမ်းဟောင်း ကျောက်တန်း-ကျောင်းကုန်း-ထီးချိုင့်လမ်းသည် အရှည် ၄၄မိုင် ၆ဖာလုံ ရှိသဖြင့် ခရီးမိုင် ၂၂မိုင်လျော့နည်းသွားပြီး ခရီးသွားလာချိန် တစ်နာရီကျော်ခန့်သက်သာကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးချိုင့်-ကသာလမ်းဆုံသို့ရောက်ရှိပြီး လမ်းပိုင်းအခြေအနေနှင့် လမ်းဘေးဝဲ/ယာ၌ ဖြစ်ထွန်းအောင်မြင်နေသော နေကြာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ ထိုမှတစ်ဆင့် မွန်းတည့် ၁၂နာရီတွင် ကသာမြို့သို့ရောက်ရှိကြသည်။

## ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အသစ်ဖောက်လုပ်ထားသော ကသာ-မိုးတားကြီးလမ်းပိုင်းတစ်လျှောက်ကြည့်ရှုစစ်ဆေးရာ မွန်းလွဲ ၁နာရီတွင် မင်းလယ်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာမှ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး နမ့်စန်းကျေးရွာသို့ရောက်ရှိရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကသာ-မိုးတားကြီး-ကျောက်ကြီး(ရွှေဂူလေးတစ်ဖက်ကမ်း)လမ်းအကြောင်းရာဖွေတွေ့ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ရွှေဂူ၊ကျောက်ကြီး၊ အမတ်ကြီးကုန်း၊ ပိန်းခွင်ယမ်၊ ဆင်ဘို၊ အကျဲ မြစ်ကြီးနားလမ်း လမ်းအကြောင်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နမ့်စန်းကျေးရွာရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးအတွက် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များနှင့်အားကစားပစ္စည်းများ၊ ကျေးရွာလျှပ်စစ် တပ်ဆင်ရေးအတွက် မတည်လှူဒါန်းငွေ ကျပ်ငါးသိန်းကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နမ့်စန်းကျေးရွာမှ ပြန်လည်ထွက်ခွာလာရာ ကသာမြို့သို့ ညနေ ၄နာရီတွင် ရောက်ရှိပြီး ညအိပ်ရပ်နားသည်။ (သတင်းစဉ်)



**ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် အထိမ်းအမှတ် ယင်လုံအိမ်သာသုံးစွဲရေးနှင့် သန့်လေးသန့်အကြောင်း ဟောပြောပွဲကို မတ် ၅ ရက်က ရပ်ကွက်ခန်းမတွင်ကျင်းပရာ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဒေါ်မူမူညိုက ဟောပြောပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်အေးက ရပ်ကွက်အသင်းခွဲဥက္ကဋ္ဌများအား ယင်လုံအိမ်သာသုံး ပစ္စည်းများ ပေးအပ်စဉ်။** (၃၅)

**မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်**

# ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာဆောင်ရွက်နိုင်ရန် ICT နည်းပညာသုံးရန် စီစဉ်နေ

ရန်ကုန် မတ် ၈

**ပြန်ကြားရေးဝန်ကြီးဌာနအတွင်း** Online System ( GOS) **ချိတ်ဆက်အသုံးပြုရေးနှင့်** Digital Assets Management System **အသုံးပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။** (အပေါ်ပုံ)

**တက်ရောက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်၊ စာတည်းမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် ပညာရှင်များတက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ Forever Group ကုမ္ပဏီလီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးဝင်းမော်က Digital Assets Management System နှင့် စပ်လျဉ်း၍လည်းကောင်း၊ Myanmar Computer Company (MCC) ကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က Online System(GOS)နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန အတွင်း Online System ( GOS) ချိတ်ဆက်အသုံးပြုသွားနိုင်ရေးအတွက် လုပ်ငန်းဆိုင်ရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဝန်ကြီးရုံးနှင့်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများအတွင်း Network ချိတ်ဆက်ပြီး Digital Assets Management System အသုံးပြုနိုင်ရေးအတွက် ဆွေးနွေးမှာကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အချိန်နှင့်တစ်ပြေးညီ လွယ်ကူချောမွေ့ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ ICT ကို အသုံးပြုသွားရန် စီစဉ်လျက်ရှိကြောင်း၊ ICT နည်းပညာကိုအသုံးပြုခြင်းဖြင့် အတိတ်မှသတင်းဖြစ်ရပ် မှတ်တမ်းများ၊ ရုပ်ရှင်ရုပ်မြင်မြင်ကွင်းများ၊ သတင်းဓာတ်ပုံများ၊ ရေဒီယို အသံလွှင့်ချက်များ၊ စာနယ်ဇင်းများကို မြန်ဆန်လွယ်ကူစွာ ပြန်လည်ကိုးကား ဖော်ပြနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် Video၊ Audio၊ Photo၊ Documents Libary စသည်များကို သက်ဆိုင်ရာ လုပ်ငန်းဌာနအလိုက် ဒီဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းထားရှိပြီး ဝန်ကြီးရုံးနှင့် ချိတ်ဆက် အသုံးပြုသွားမည် ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလော အသုံးပြုရမည့်ကိစ္စရပ်များကို ဦးစားပေးတွက်ချက် သုံးသပ်ပြီး တစ်ဆင့်ပြီး တစ်ဆင့် တိုးမြှင့် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ယင်းသို့ စတင်ဆောင်ရွက်ခြင်းဖြင့် မကြာမီကာလအတွင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု သတင်းမြင်ကွင်း မှတ်တမ်းအဆင့်ဆင့်နှင့် ခေတ် အဆက်ဆက်မှ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ ဓာတ်ပုံဆိုင်ရာ မှတ်တမ်းအဆင့်ဆင့်ကို ပြည့်စုံစွာ ထိန်းသိမ်းထားရှိနိုင်မည်ဖြစ်ပြီး လိုအပ်သကဲ့သို့ အချိန်တိုအတွင်း အသုံးပြုသွားနိုင်မည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ ကွန်ပျူတာလုပ်ငန်းရှင်များ၊ ကွန်ပျူတာ ပညာရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး လုပ်ငန်းဌာနအလိုက် စတင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ပြန်လည် တင်ပြသွားရန်နှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေ ၃ နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် ပထမအကြိမ်ဧရာဝတီတိုင်း သတင်းအချက်အလက်နှင့် နည်းပညာပြပွဲကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၈

ပထမအကြိမ် ဧရာဝတီတိုင်း သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ (First ICT Exhibition Ayeyarwady) ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် Management Scientific & Information Technology Group က စီစဉ်၍ ဖေဖော်ဝါရီ ၂၅ရက်နှင့် ၂၆ရက်တို့တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ကွန်ပျူတာသုံး ဆက်စပ်ပစ္စည်းများအပြင် ASUS ၏ နောက်ဆုံးပေါ်နည်းပညာသုံးပစ္စည်းများကိုလည်း ပြသခဲ့သည်။

ယင်းပြပွဲသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်နှင့် တာဝန်ရှိသူများ လာရောက် ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို မှာကြားသည်။

ပြခန်း၌ ASUS ကုမ္ပဏီက ထုတ်လုပ်သော Motherboard နှင့် Graphic Cardများအပြင် Optical Drive နှင့် အခြားပစ္စည်းများကို ပြသရောင်းချခဲ့သည်။

(သတင်းစဉ်)

# (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုရသူများကြေညာ

ရန်ကုန် မတ် ၈

**၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကိုလည်းကောင်း၊ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကိုလည်းကောင်း ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးများကို စာမူစိစစ်ရေးအဖွဲ့များက အဆင့်ဆင့်စိစစ်ရွေးချယ်ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု အသီးသီးရရှိကြသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။**

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဗိုလ်လောင်းရဲဘုန်းကျော် တတိယနှစ် ကွန်ပျူတာစစ်တက္ကသိုလ် ပြင်ဦးလွင်က ပထမ၊ မဝင်းသူ စတုတ္ထနှစ် စစ်ကိုင်း ပညာရေးတက္ကသိုလ်က ဒုတိယ၊ ဗိုလ်လောင်းချမ်းငြိမ်းသူ နောက်ဆုံးနှစ်အမ်ဘီဘီအက်စ် (အပိုင်း-ခ) တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ဇော်ထက်လင်း ပထမနှစ် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မမို့မို့လွင် ဒုတိယနှစ် သိပ္ပံတွဲ မော်လမြိုင်ပညာရေးကောလိပ်၊ မစုလဲ့ရည်အောင် တတိယနှစ် အင်္ဂလိပ်စာ ပုသိမ်တက္ကသိုလ်၊ မောင်နိုင်ရဲထူး တတိယနှစ် ဘီဒီအက်စ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်၊ မနှင်းဥရည် ဒုတိယနှစ် ဘီအီးဒီ ရန်ကုန်ပညာရေးတက္ကသိုလ်တို့က အသီးသီးရရှိကြသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ဗိုလ်လောင်းချမ်းငြိမ်းသူ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် (အပိုင်း-ခ) တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်က ပထမ၊ မောင်သီဟထွန်း နောက်ဆုံးနှစ်အမ်ဘီဘီအက်စ်(အပိုင်း-ခ) ဆေးတက္ကသိုလ်(၂) ရန်ကုန်က ဒုတိယ၊ မောင်စောမောင် ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်းက တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် ဗိုလ်လောင်းထွန်းပြည့်အောင် ဒုတိယနှစ် အီလက်ထရွန်းနစ် စစ်တက္ကသိုလ် ပြင်ဦးလွင်၊ မဆုဝတီနွယ် ဒုတိယနှစ် ကွန်ပျူတာသိပ္ပံ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၊ မောင်မင်းကျော်စွာ ပထမနှစ် သိပ္ပံတွဲ ပုသိမ်ပညာရေးကောလိပ်၊ မမေအိမ်စည်ဦး ဒုတိယနှစ် ပန်းချီယဉ်ကျေးမှုတက္ကသိုလ် ရန်ကုန်၊ ဗိုလ်လောင်းနိုင်ထွန်းအောင် နောက်ဆုံးနှစ် စက်မှုအင်ဂျင်နီယာ တပ်မတော်နည်းပညာတက္ကသိုလ် ပြင်ဦးလွင်တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မရွှေစင် နဝမတန်း အထက(၁) တောင်ဥက္ကလပက ပထမ၊ မမကြည်မြင့်သိန်း နဝမတန်း အထက(၁) ပဲခူးက ဒုတိယ၊ မဖြိုးသဉ္ဇာခင် အဋ္ဌမတန်း အလက(၁) ပုသိမ်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မလဝန်းသော်တာ နဝမတန်း အထက(၂) သထုံ၊ မဥမ္မာစိန် အဋ္ဌမတန်း အထက(၈) အောင်မြေသာစံ မန္တလေး၊ မသက်ထားဆွေနွယ် အဋ္ဌမတန်း အထက(၁) ပြည်၊ မောင်ထက်ပိုင်ကျော် အဋ္ဌမတန်း အထက(၂)ကလော၊ မနန်းဝေဝေဖြိုး အဋ္ဌမတန်း အလက(၃) မြစ်ကြီးနားတို့က အသီးသီးရရှိကြသည်။

အခြေခံပညာ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မောင်ကောင်းဝေဦး နဝမတန်း အထက(၁) ပဲခူးက ပထမ၊ မသိမ့်ဒါလီ အဋ္ဌမတန်း အထက(၃) ဒဂုံက ဒုတိယ၊ မောင်အောင်သက်မိုး အဋ္ဌမတန်း အထက(၆) ပုသိမ်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မရွှေယဉ်မင်းဦး နဝမတန်း အထက(၃) မြစ်ကြီးနား၊ မနန်းအိန္ဒြေကြွယ် အဋ္ဌမတန်း အလက(၂) တောင်ကြီး၊ မဝင့်ဝါဖြိုး နဝမတန်း အထက သုံးဆယ်၊ မောင်ဝေယံကျော် နဝမတန်း အထက(၇) မော်လမြိုင်၊ မချောဝင့်ဝင့်မွန် နဝမတန်း အထက(၁) မြိတ်တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မောင်ရှမွေလဒေါင်ခေါင် သတ္တမတန်း အလက (၃) မြစ်ကြီးနားက ပထမ၊ မမေမြတ်မှူးအောင် ဆဋ္ဌမတန်း အထက(၁) ပဲခူးက ဒုတိယ၊ မကေခိုင် သတ္တမတန်း အထက(၃) ဒဂုံ(မြောက်)က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ကျော်ကျော်သက် ဆဋ္ဌမတန်း အမက(၁၁) မူလွန် မဟာအောင်မြေ မန္တလေး၊ မောင်သုဝဏ်လှိုင် သတ္တမတန်း အထက(၁) ပြည်၊ မောင်ကျော်ခိုင်ထက် သတ္တမတန်း အလက(၁) ပုသိမ်၊ မအိသံသာစိုး ဆဋ္ဌမတန်း အထက(၁) စစ်ကိုင်း၊ နန်းထက်ထက်အောင် ဆဋ္ဌမတန်း အမက(၃) မူလွန် လှိုင်းဘွဲ့တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မဇင်သွယ်သွယ်အေး သတ္တမတန်း အထက(၃) ပဲခူးက ပထမ၊ မဖူးပြည့်သူ ဆဋ္ဌမတန်း အလက(၆) ပုသိမ်က ဒုတိယ၊ မောင်နဒီစစ်မှူး ဆဋ္ဌမတန်း အလက(၂) ပြည်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ပြည်စိုးပိုင် ပဉ္စမတန်း အလက(မြို့မ) ကျောက်တန်း၊ မနှင်းအေးမိုးလွင် သတ္တမတန်း အထက(၇) မော်လမြိုင်၊ မခန့်ယမုံမြင့် ဆဋ္ဌမတန်း အလက(၂) တောင်ကြီး၊ မခင်သဉ္ဇာတင် ပဉ္စမတန်း အထက(၁၁) အောင်မြေသာစံ မန္တလေး၊ မောင်ယံပိုင်ဦး ပဉ္စမတန်း အမက မူလွန် မင်္ဂလာလှိုင်ကော်တို့က အသီးသီးရရှိကြသည်။

ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဦးစိုးမြင့် အလယ်တန်းပြ အထက(၂) သာစည်က ပထမ၊ ဒေါ်နန်းတင်ရီ အလယ်တန်းပြ အထက(၇) မော်လမြိုင်က ဒုတိယ၊ ဒေါ်တင်တင်ခိုင် အလယ်တန်းပြ အလက(၁၁) မိတ္ထီလာက တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် ဒေါ်ထားရှင် အထက်တန်းပြ အထက(၂) မြိတ်၊ ဒေါ်သန္တာချစ် နည်းပြ ပါဠိ-သက္ကတဌာန တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး၊ ဦးအေးသန်း အလယ်တန်းပြ အထက(၂) လက်ပံတန်း၊ ဒေါ်ခင်မာကြည် နည်းပြ မြန်မာစာသင်ပြနည်းဌာန မြောင်းမြ ပညာရေးကောလိပ်၊ ဦးဝင်းသိန်း မူလတန်းပြ အမက အေးမြင့်သာယာ ပျဉ်းမနားတို့က အသီးသီး ရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ၂၆-၃-၂၀၀၆ ရက်တွင် ဆုများ ချီးမြှင့်မည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ဆုရရှိသူများသည် အဆင့်မြင့် ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းအဆင့် ဆုရရှိသူများသည် ကျောင်းအုပ်ကြီး အထက(၁) စမ်းချောင်း ရန်ကုန်မြို့သို့လည်းကောင်း ၂၃-၃-၂၀၀၆ ရက်တွင် လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည် ဖြစ်သည်။

အထူးဆုရရှိသူများကို မိမိတို့ နေထိုင်ရာဒေသနှင့် နီးစပ်ရာ တိုင်း၊ တပ်မ စစ်ဌာနချုပ်များ၌ ကျင်းပမည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများတွင် ဆုများ ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

# ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၈**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day) အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနကြီးမှူးများနှင့် ဒေသစည်းရုံးရေးမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး Mme Phoebe A. Gomez နှင့် အမျိုးသမီး သံအမတ်ကြီးများ၊ သံအမတ်ကြီးများ၏ ဇနီးများ၊ စစ်သံမှူးများ၏ ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လူမှောင်ခိုကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Charles Petrie က ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

**ကွယ်လွန်သွားသော သီရိပျံချီ ဦးဇော်ဝင်း(ခ)ဦးဇော်ဝင်းဇော် မော်ကွန်းဝင်(ပ) နိုင်ငံ့ဂုဏ်ရည်(ဒု)အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်း အောင်မင်းခေါင်လမ်းသွယ်(၁)နေ ကန်တော့ခံ စာရေးဆရာမကြီး ဒေါ်နီနီယဉ်(ဏီဏီယဉ်) မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ပိဋကဆရာတော် ဘဒ္ဒန္တအဂ္ဂသာရာလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ နာယက ဗိုလ်မှူးကြီးလှမိုး(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

**ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)အား အမှူးထား၍ (ဦးဟုတ်ယုံ)-ဒေါ်ကျင်လှ သား ကိုဌေးမြင့်တို့က ဆရာတော် ဦးဆောင်ပြုပြင်နေသော တောင်တွင်းကြီးမြို့ မင်းဘုံကျော်ဘုရားကြီးပြုပြင်ရန် အလှူတော်ငွေကျပ် ကိုးသိန်း၊ မော်ဘီမြို့ ဓမ္မဝိဟာရသိမ်တော်ကြီးအတွက် ငွေကျပ်ကိုးသိန်း၊ သထုံမြို့ မျက်စိအလင်း အလှူတော်ငွေကျပ်ကိုးသောင်း၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ပဉ္စမအကြိမ် ကျပ်တစ်သိန်း စုစုပေါင်းအလှူတော်ငွေကျပ် ၁၉ သိန်း ၉သောင်းကို ကပ္ပိယ ဦးရှိန်ဝင်း (ရွှေပါရမီဓမ္မစာပေ ပြန့်ပွားရေး ဥက္ကဋ္ဌ)ထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# မြန်မာ့လိဂ် အဆင့်မြင့်တန်း အမှတ်ပေးပွဲ စီးပွား/ကူးသန်းနှင့် သစ်တောရေးရာတို့နိုင် ဘဏ္ဍာ/အခွန်က အမှတ် ၄၀ ဖြင့် ပထမရရှိ

**ရန်ကုန် မတ် ၈**

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနှင့် သစ်တောရေးရာအသင်းတို့ အနိုင်ရရှိသွားကြသည်။

**(အောင်ဆန်းကွင်း)**

**စီးပွား/ကူးသန်းအသင်း တစ်ဂိုး**

(ရာဇာဝင်းသိန်း)

**ဘဏ္ဍာ/အခွန်အသင်း ဂိုးမရှိ**

**ဒိုင်လူကြီး ဦးဝင်းချို**

စီးပွား/ကူးသန်းအသင်းသည် ယနေ့ပွဲတွင် ခြေစွမ်းပြပြီး ဘဏ္ဍာ/အခွန်၏ ကစားကွက် ကစားပေါက်များကို ပိတ်ဆို့၍ အနိုင်ရရှိခြင်းဖြစ်သည်။ ပွဲစဉ်မကုန်ဆုံးမီကပင် အမှတ်ပေး ချန်ပီယံဆုကို ဆွတ်ခူးရရှိထားသည့် ချန်ပီယံ ဘဏ္ဍာ/အခွန် သင်း၏ ရှုံးပွဲမရှိစံချိန်ကို စီးပွား/ကူးသန်းက ချေဖျက်လိုက်သည်။

ဘဏ္ဍာ/အခွန်အသင်းတွင် ဒဏ်ရာရနေသည့် စိုးမြတ်မင်း၊ ရန်ပိုင်၊ ကျော်သူရ စသည့် အမာခံအချို့ မပါဝင်သကဲ့သို့ စီးပွား/ကူးသန်းအသင်းတွင်လည်း မာလ၊ ကျော်ဇင်ဝင်းနှင့် ဒဏ်ရာရနေသည့် ဘိုဘိုအောင် စသည့် အမာခံအချို့ မပါဝင်ခဲ့ပေ။ သို့သော် နာမည်ကြီးပြိုင်ဘက်နှစ်သင်း၏ တွေ့ဆုံပွဲဖြစ်သည်နှင့်အညီ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပွဲကုန် ၁၅ပွဲစီ ကစားအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ၁၃ပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲ ရှုံး၊ ၄၆ဂိုးသွင်း၊ လေးဂိုးပေး၊ အမှတ် ၄၀ ဖြင့် ပထမ၊ စီးပွား/ကူးသန်းအသင်းက ၃၄မှတ်ဖြင့် ဒုတိယတို့ရရှိသည်။

**(သုဝဏ္ဏကွင်း)**

**သစ်တောရေးရာ လေးဂိုး**

**စွန်ရဲ တစ်ဂိုး**

ပွဲကုန် ၁၅ ပွဲ ကစားအပြီးတွင် သစ်တောရေးရာအသင်းက ခြောက်ပွဲနိုင်၊ နှစ်ပွဲ သရေ၊ ခုနစ်ပွဲ ရှုံး၊ ၂၂ဂိုးသွင်း၊ ဂိုး ၂၀ ပေး၊ အမှတ်၂၀ ဖြင့် အဋ္ဌမနေရာတွင်လည်းကောင်း၊ စွန်ရဲအသင်းက လေးပွဲ နိုင်၊ ငါးပွဲ သရေ၊ ခြောက်ပွဲ ရှုံး၊ ၁၈ ဂိုး သွင်း၊ ၂၄ဂိုးပေး၊ ၁၇မှတ်ဖြင့် အဆင့်(၁၁)နေရာတွင်လည်းကောင်း ရပ်တည်နေသည်။

**ယနေ့ပွဲ**

**(အောင်ဆန်းကွင်း)**

**ပို့ဆောင်ရေးနှင့် ရထားပို့ဆောင်ရေး**

**(သုဝဏ္ဏကွင်း)**

**မြို့တော်စည်ပင်နှင့် တပ်မတော်ကြည်း(က)**

(ကြေးမုံ)

# တိုက်ဂါးမြန်မာ အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၈**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၆ခုနှစ် တိုက်ဂါးမြန်မာ အပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက် ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက် ကျင်းပသည်။

ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် နိုင်နိုင်လင်းက နှစ်ရက်ပေါင်း သုံးချက်လျှော့ရိုက်ပြီး ၇၀+၇၁ ပေါင်း ၁၄၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ အောင်ဝင်းက ၇၄+၇၁ ပေါင်း ၁၄၅ချက်ဖြင့် ဒုတိယ၊ ကျော်သီဟက ၇၆+၇၂ ပေါင်း ၁၄၈ချက်ဖြင့် တတိယနှင့် ဘိုဘိုက ၇၅+၇၇ ပေါင်း ၁၅၂ချက်ဖြင့် စတုတ္ထလိုက်နေကြသည်။

မတ် ၉ ရက် နံနက် ၇ နာရီခွဲတွင် တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

# မော်တော်ကားမှန်များတွင် စတေကာကပ်ပါက ထိရောက်စွာ အရေးယူမည်

**ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတေကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများ ကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ထိရောက်သော ဒဏ်ငွေများ သတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတေကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည် တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။**

**သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတေကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။**

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**အထက(၃) စမ်းချောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ ရက်က အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ အကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့စဉ်။** (က-ပ)

# မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်

**ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အစိုးရဌာနဆိုင်ရာပိုင် မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်းခွင့်ပြုခဲ့ပြီး ဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များကပ်ထားရပါမည်။ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာ တပ်ဆင်ချည်နှောင်စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့်အထက် တင်ဆောင်စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။**

**ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါ မော်တော်ဆိုင်ကယ်များအား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။**

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မြို့ပြတည်ဆောက်ရေးစီမံကိန်းများ ရေးဆွဲရာတွင် သဘာဝဘေးအန္တရာယ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်

နေပယ်လ် မတ် ၈

**အီတလီနိုင်ငံ နေပယ်လ်မြို့အနီးရှိ ဗီဆူဗီးယပ်စ်မီးတောင်၏ ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် မြို့ပြစီမံကိန်းများရေးဆွဲရာတွင် သဘာဝဘေးအန္တရာယ်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်တစ်ဦးက မတ် ၇ ရက်တွင် သတိပေးပြောကြားလိုက်သည်။**

အီတလီနိုင်ငံ နေပယ်လ်မြို့၏ အရှေ့တောင်ဘက် ၅ မိုင်အကွာရှိ ဗီဆူဗီးယပ်စ် မီးတောင်သည် မီးရှင်တောင်တစ်လုံးဖြစ်ပြီး ယင်းမီးတောင်သည် အေဒီ ၇၉ ခုနှစ်က ပထမဆုံးအကြိမ် ပေါက်ကွဲခဲ့သည်ဟု သမိုင်းမှတ်တမ်းများတွင် ဖော်ပြသည်။

ရှေးဟောင်း သုတေသနပညာရှင်များသည် ဗီဆူဗီးယပ်စ်မီးတောင်၏ တောင်ခြေ၌ တည်ရှိခဲ့သည့် ပွန်ပေနှင့် ဟာကျူလာနီယမ်မြို့တို့တွင် တွေ့ရှိရသော ရုပ်ကြွင်းများကို ယခုအခါ လေ့လာလျက်ရှိကြသည်။

ဗီဆူဗီးယပ်စ် မီးတောင် ပထမအကြိမ် ပေါက်ကွဲမှုနှင့် တွေ့ကြုံခဲ့ရသော ကြေးခေတ်လယ်ယာလုပ်ကိုင်သူများနှင့် ၎င်းတို့ ၏ အသုံးအဆောင်ပစ္စည်းများကို ယင်းမီးတောင်၏ တောင်ခြေနေရာဒေသများ၌ ရှာဖွေတွေ့ရှိခဲ့ကြသည်။

နေပယ်လ်မြို့၏ လက်ရှိ မြို့ပြစီမံကိန်းမှာ ၁၆၃၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် မီးတောင်ပေါက်ကွဲမှု အခြေအနေအပေါ်မူတည်ကာ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ မီးတောင်ဘေးအန္တရာယ်ရှိနေသည့် နေပယ်လ်မြို့၏ မြို့ပြတည်ဆောက်ရေး စီမံကိန်းတွင် သဘာဝကပ်ဘေး ကျရောက်ချိန်၌ ပြည်သူများအား ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးရေး အစီအစဉ်ပါဝင်သော်လည်း ယင်းအစီအစဉ်မှာ အေဒီ ၇၉ က ဖြစ်ပွားခဲ့သော အလွန်အင်အားပြင်းထန်သည့် မီးတောင်ပေါက်ကွဲမှု အခြေအနေမျိုးအတွက် ထိရောက်ကောင်းမွန်ခြင်း မရှိကြောင်း၊ အင်အားပြင်းထန်သည့် မီးတောင်ပေါက်ကွဲမှု အခြေအနေကို ထည့်သွင်းတွက်ချက်ကာ မြို့ပြစီမံကိန်းများကို တိုးချဲ့ရေးဆွဲရန် လိုအပ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ပြောကြားသည်။ ***အင်တာနက်။***



**အီတလီနိုင်ငံ နေပယ်လ်မြို့အနီးရှိ ဗီဆူဗီးယပ်စ် မီးတောင်ကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

**အေဒီ ၇၉ က ဗီဆူဗီးယပ်စ် မီးတောင်ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသူများ၏ ရုပ်ကြွင်းများကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## အင်တာနက် သတင်းများ

**ငါးဘုရင်ဟူ၍ တင်စားခေါ်ဝေါ်ခြင်းခံရသော ပင်လယ်ငါးသလောက် ငါးကြီးတစ်ကောင်ကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# မျိုးစပ်ငါးမျိုးသစ် ပေါ်ထွန်းလာခြင်းဖြင့် ပင်လယ်ငါးသလောက်ငါးမျိုး မျိုးသုဉ်းနိုင်

စကော့တလန် မတ် ၈

မွေးမြူထားသော ပင်လယ်ငါးသလောက်များနှင့် ပင်လယ်ပြင်အတွင်း သဘာဝအတိုင်း ကျက်စားနေထိုင်သည့် ငါးသလောက်ငါးများ မျိုးစပ်ကြရာမှ မျိုးစပ် ငါးသလောက်ငါးများ ပေါ်ထွန်းလာခြင်းသည် အတ္တလန္တိတ် ငါးသလောက်ငါး မျိုးသုဉ်းရန် အကြောင်းတရားဖြစ်ကြောင်း ထိပ်တန်းသိပ္ပံပညာရှင်များက တနင်္လာနေ့တွင် သတိပေးလိုက်ကြသည်။

အတ္တလန္တိတ် ပင်လယ်ငါးသလောက်ကို စကော့တလန် ဒေသသားတို့က ငါးဘုရင်ဟူ၍ တင်စားခေါ်ဝေါ်သည်။ စကော့တလန် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ငါးသလောက် ငါးမွေးမြူရေးခြံများ တည်ရှိသည်။ ယင်းငါးမွေးမြူရေးခြံများမှ လွတ်သွားသော ငါးများသည် ပင်လယ်အတွင်းသို့ရောက်ရှိသွားပြီး တစစဖြင့် မျိုးစပ်ငါးများကို ဖြစ်ပေါ်စေသည်။

### ပြန်လာတတ်

အတ္တလန္တိတ် ငါးသလောက်ငါးမျိုး၏ ထူးခြားသော သဘာဝတစ်ရပ်မှာ ရွှေ့ပြောင်းနေထိုင်တတ်မှုဖြစ်သည်။ အတ္တလန္တိတ် ငါးသလောက်ငါးများသည် ရွှေ့ပြောင်းနေထိုင်သည့် ရာသီအတွင်း ပင်လယ်သမုဒ္ဒရာအတွင်း မိုင်ထောင်ပေါင်းများစွာ ကူးခတ်သွားလာတတ်ပြီး ယင်းနောက်တွင် ၎င်းတို့၏ နေရင်းအရပ်ဖြစ်သည့် မြစ်များရှိရာသို့ ပြန်လာတတ်သည်။

စကော့တလန်ဒေသတွင် နှစ်စဉ် ဆောင်းဥတုမုန်တိုင်းများအတွင်း မွေးမြူရေးကန်များရှိ ငါးသလောက် ငါးကောင်ရေ ၇၀၀၀၀၀ ခန့် ပင်လယ်အတွင်းသို့ လွတ်ထွက်သွားလေ့ရှိသည်။ မျိုးစပ် ပင်လယ်ငါးသလောက် ငါးမျိုးပေါ်ထွန်းလာခြင်းဖြင့် အတ္တလန္တိတ် ငါးသလောက်ငါးမျိုး၏ ရွှေ့ပြောင်းနေထိုင်တတ်သည့် သဘာဝပျောက်ကွယ်သွားနိုင်ကြောင်း၊ မြောက်အတ္တလန္တိတ်ငါးသား လောက်ငါးမျိုး ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိပ္ပံပညာရှင်များက သတိပေး ထားသည်။

မွေးမြူရေးကန်များမှ လွတ်ထွက်သွားသော ပင်လယ်ငါးသလောက် ငါးမများနှင့် ပင်လယ်ပြင်တွင် ကျက်စားနေကြသော ပင်လယ်ငါးသလောက် ငါးထီးတို့ မျိုးစပ်ရာမှ မျိုးစပ်ငါးမျိုးသစ် ပေါ်ထွန်းလာနိုင်ပြီး နှစ်ပေါင်း ၅၀ အတွင်းမှာပင် ပင်လယ်ငါးသလောက် ငါးမျိုး၏ ရွှေ့ပြောင်းနေထိုင်တတ်မှု သဘာဝပျောက်ကွယ်သွားနိုင်ကြောင်း၊ သို့ဖြစ်၍ မွေးမြူရေးကန်များရှိ ပင်လယ်ငါးသလောက် ငါးမများကို သန္ဓေတားဆေးထိုးနှံပေးသင့်ကြောင်း၊ မျိုးမအောင်သည့် ငါးမများသည် ပင်လယ်တွင်းသို့ လွတ်ထွက်သွားသည့်တိုင်အောင် မျိုးစပ် ငါးမျိုးသစ်ကို ဖြစ်ပေါ်စေလိမ့်မည် မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ငါးမွေးမြူရေးလုပ်ငန်းရှင်များက ငါးသားလောက် ငါးမများကို သန္ဓေတားဆေးထိုးပေးရန် လိုလားခြင်းမရှိပေ။ ယင်းမှာ ငါးများ၏ ပေါက်ပွားမှုကိုထိခိုက်ကာ စီးပွားရေးအရ ဆုံးရှုံးနိုင်ခြင်းကြောင့်ဖြစ်သည်။ ***အင်တာနက်။***

# ချန်ပီယံလိဂ်ရှုံးထွက် ဒုတိယအကျော့ပွဲစဉ် ကျင်းပ ဘာစီလိုနာနှင့် ချယ်လ်ဆီးအသင်း သရေကျ

ဘာစီလိုနာ မတ် ၈

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ပထမအဆင့် ရှုံးထွက်ဒုတိယကျော့ပွဲစဉ်ကို မတ် ၈ ရက်က ကျင်းပရာ စပိန်နိုင်ငံမှ ဘာစီလိုနာအသင်းနှင့် အင်္ဂလန်မှ ချယ်လ်ဆီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

ဒုတိယပိုင်းတွင် ရော်နယ်ဒင်ဟို ကန်သွင်းယူသောဂိုးဖြင့် ဘာစီလိုနာအသင်းသည် နှစ်ပွဲပေါင်းရလဒ် ၃-၂ဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် ယခုပွဲတွင် လွန်ခဲ့သည့်နှစ်က ရှုံးကြွေးကို ပြန်လည်ပေးဆပ်နိုင်ခဲ့သည်။

ပွဲစတင်ပြီး မကြာမီမှာပင် ချယ်လ်ဆီးအသင်းက ထိုးဖောက်ကစားနိုင်ရန်ကြိုးပမ်းခဲ့သည်။

ဘာစီလိုနာအသင်းသည် အစောပိုင်းမှာပင် ဂိုးသွင်းနိုင်သည့် အခွင့်အလမ်း အတော်များများရရှိခဲ့သည်။ ပွဲချိန် ၁၈မိနစ်တွင် ရော်နယ်ဒင်ဟိုက လုလုပပဂိုးသွင်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ချယ်လ်ဆီးအသင်းမှ ရီကာဒိုကာဗယ်လ်ဟိုက ဟန့်တားပိတ်ဆို့ခဲ့သည်။

ပွဲချိန် ၂၄ မိနစ်တွင် ဘာစီလိုနာအသင်းမှ မက်ဆီမှာ တံကောက်ကြောထိခိုက်ဒဏ်ရာရရှိမှုကြောင့် ၎င်း၏နေရာတွင် လာဆင်က အစားဝင်ရောက်ကစားခဲ့သည်။ ဒုတိယပိုင်း ၅၈ မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ဒရော့ဘာ၏နေရာ၌ ခရက်စပိုကလည်းကောင်း၊ ဒပ်ဖ်၏နေရာ၌ ဂတ်ဂျွန်ဆင်ကလည်းကောင်း လူစားဝင်ကစားခဲ့သည်။

ပွဲချိန် ၇၈ မိနစ်တွင် အီတိုး ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ရော်နယ်ဒင်ဟိုက ကန်သွင်းရာ ဂိုးရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် ချေပဂိုးကို ပွဲချိန် မိနစ် ၉၀ တွင် ပယ်နယ်တီမှတစ်ဆင့် ကန်သွင်းယူခဲ့သည်။

### ဂျူဗင်တပ်စ်-ဝါဒါဘရီမင်

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပသည့် ဂျူဗင်တပ်စ်နှင့် ဝါဒါဘရီမင်တို့၏ပွဲတွင် အီတလီအသင်းဖြစ်သည့် ဂျူဗင်တပ်စ်အသင်းက ဂျာမန်ကလပ်ဘရီမင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဂျူဗင်တပ်စ်အသင်းသည် နှစ်ပွဲပေါင်းရလဒ် ၄-၄ ဖြင့် တူနေသော်လည်း အဝေးကွင်း ဂိုးသွင်းနိုင်မှုအရ အနိုင်ရရှိပြီး ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်သည်။

### ဗီလာရီးရဲလ်-ရိန်းဂျား

စပိန်နိုင်ငံမှ ဗီလာရီးရဲလ်အသင်းနှင့် စကော့တလန်မှ ရိန်းဂျားအသင်းတို့ စပိန်နိုင်ငံ ဗီလာရီးရဲလ်မြို့တွင် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ ဖြင့် သရေကျခဲ့ကြသည်။ ၎င်းအသင်းနှစ်သင်းသည် နှစ်ပွဲပေါင်း ၃-၃ ရလဒ်တူသော်လည်း ဗီလာရီးရဲလ်အသင်းက အဝေးကွင်း ဂိုးသွင်းနိုင်မှုဖြင့် ချန်ပီယံလိဂ် ကွာတားအဆင့်သို့ တက်လှမ်းနိုင်သည်။ ***အင်တာနက်။***

### ဖျက်ထုတ်

**ချန်ပီယံလိဂ်ရှုံးထွက်ပွဲ ဒုတိယအကျော့ပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ အာဂျင်ရော်ဘင်၏ ခြေတွင်ရှိနေသော ဘောလုံးကို ဘာစီလိုနာအသင်းမှ အက်ဒ်မီဆင် ဖျက်ထုတ်စဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဓနသဟာယ အားကစားပွဲတော် ကျင်းပရန် အပြီးသတ်ပြင်ဆင်

မဲလ်ဘုန်း မတ် ၈

သြစတြေးလျနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော မဲလ်ဘုန်းမြို့တွင် မတ် ၁၅ ရက်မှ ၂၆ ရက်အထိကျင်းပမည့် ဓနသဟာယ အားကစားပွဲတော်ကျင်းပရန် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

ဓနသဟာယအဖွဲ့ဝင်နိုင်ငံများ၏ အားကစားပွဲတော်တွင် အသုံးပြုမည့် အားကစားကွင်းများနှင့် အားကစားရုံများကို အပြီးသတ် အချောကိုင်လျက်ရှိကြောင်း အားကစားပွဲတော်ကျင်းပရေး ကော်မတီက ပြောကြားသည်။

ဓနသဟာယ အားကစားပွဲတော်တွင် ချမှတ်ဆောင်ရွက်မည့် လုံခြုံရေးအစီအစဉ်သည် သြစတြေးလျနိုင်ငံသမိုင်းတွင် အကြီးကျယ်ဆုံးသော လုံခြုံရေးအစီအစဉ်တစ်ရပ်ဖြစ်မည်ဟု ဆိုသည်။ အားကစားပွဲတော် ကာလအတွင်း လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂၀၀ တို့က မြေပြင်မှစောင့်ကြပ်ပေးမည်ဖြစ်ပြီး လေယာဉ်မပျံသန်းရဇုန်များကို စောင့်ကြပ်ရန် စစ်လေယာဉ်များက တာဝန်ယူမည်ဖြစ်သည်။

### အားကစားသမား ၂၅၀၀

ဓနသဟာယ အားကစားပွဲတော်သည် နွေရာသီအိုလံပစ်အားကစားပွဲတော် ပမာဏ၏ သုံးပုံတစ်ပုံခန့်ရှိမည်ဖြစ်သည်။ မဲလ်ဘုန်းတွင် ကျင်းပမည့် ဓနသဟာယပွဲတော်၌ နိုင်ငံပေါင်း ၇၁ နိုင်ငံမှ အားကစားသမား ၄၅၀၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်မည့်နိုင်ငံများတွင် လူဦးရေ သန်း ၁၀၀၀ ရှိသည့် အိန္ဒိယနိုင်ငံမှသည် လူဦးရေ ၂၀၀၀ အောက်ရှိ နောဖော့ကျွန်းအထိ ပါဝင်မည်။ ***အင်တာနက်။***

## ပြည်ပ အားကစား သတင်းများ

# ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား အမြောက် ၂၁ ချက်ပစ်ဖောက်ဂုဏ်ပြု

# နှစ်နိုင်ငံချစ်ကြည်ရေး ကြွေးကြော်သံများ ကြွေးကြော်၍ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်

## ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

ပြည်ထောင်စု မြန်မာနိုင်ငံတော် -နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်သည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ အမြောက် ၂၁ချက် ပစ်ဖောက်၍ ဂုဏ်ပြုသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အထူးလေယာဉ်လေှကားထိပ်တွင် ဆီးကြိုကာ နှုတ်ဆက်သည်။

**ချစ်ကြည်ရေးကြွေးကြော်**

ထို့အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း၌ အသင့်စောင့်ကြိုနေကြသော ကျောင်းသူလေးများကလည်း နှစ်နိုင်ငံအလံငယ်များ ဝေ့ယမ်း၍လည်းကောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးကြွေးကြော်သံများကို ကြွေးကြော်၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား မိမိနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေအဗ္ဗဒူလ်ကလမ်သည် ကြိုဆိုနှုတ်ဆက်ကြသည့် ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမသို့ သွားရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန်အတွက် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧

## ဂုဏ်ပြုကြိုဆို

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံအဝင်ဝ၌ မုခ်ဦးပြာသာဒ်တည်ဆောက်ကာ နဖူးစည်းတွင် "အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသော စာတန်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များနားနေဆောင် အဆောက်အအုံအဝင် ဝဲ/ယာတို့၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်တို့၏ ဓာတ်ပုံများကို ချိတ်ဆွဲ၍လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင်၊ ပြည်လမ်း၊ရှစ်မိုင်လမ်းဆုံ၊ အင်းလျားလေးကွေ့၊ အင်းလျားကန်ပေါင် ဝဲ/ယာ၊ ကမာရွတ်လှည်းတန်းလမ်းဆုံ၊ ဟံသာဝတီအဝိုင်း၊ ဦးဝိစာရအဝိုင်း၊ ဦးထောင်ဗိုလ်အဝိုင်း၊ ပြည်သူ့ဥယျာဉ်နှင့် ကုန်သည်ကြီးများဟိုတယ်ဝန်းကျင်တို့၌ အိန္ဒိယသမ္မတနိုင်ငံအလံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများကို လွှင့်ထူ၍လည်းကောင်း ဂုဏ်ပြုကြိုဆိုထားသည်။**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး